**lu** nay **moe** satt y **the** khit nay

လူနေ မိုးစက်ဝိုင်
သည်ခေတ်နေ

# သုံးရာသီသစ်ပင်



# အခန်း(၁)

သုံးရာသီသစ်ပင်

လူနေ၊ မိုးစက်ဝိုင်၊ သည်ခေတ်နေ

မိုးစက်ဝိုင်

ရိုးရိုးလေး

Eise 1

(၁)

အိမ်ရှေ့ဆီမှ အသံတွေ ကြောင့် အိပ်ပျော်နေရာမှ သူရိန်လန့်နိုးလာခဲ့သည်။ ငေါက်ခနဲ ငုတ် တုတ်ထထိုင်ရင်း ဘာ ဖြစ်တာလဲဟု နားစွင့်လိုက်၏ ။

တရစပ်နားထဲတိုးဝင်လာသော အသံတွေ ကြောင့် ဖြစ်စဉ်ကို သဘောပေါက်သွားသည်။ ယခု ကြားနေရသော နံနက်ချိန်ခါတေးသံသာကား တခြားမဟုတ်။ မနက်စောစော သူရိန်၏ အစ်ကိုနှင့် သူ့ မိန်းမတို့ စကားပြောနေကြခြင်း ဖြစ်သည်။

အစ်ကို ဖြစ်သူက ....

'မိန်းမ.... ဒီနေ့ ငါဝတ်သွားမယ်ဆိုပြီး မင်းကိုမီးပူတိုက်ခိုင်းထားတဲ့ အကျီလေးရော လုပ်ထားပြီး ပြီလား'

ချက်ချင်း ဆိုသလို မိန်းမ ဖြစ်သူက ပြန်ပြောလာသည်။

'ဟယ်...ဆောရီးပဲ ယောက်ျားရေ၊ မနေ့ညကပဲ တိုက်မလို့လုပ်ထားတာ၊ ဘုရားရှိခိုးပြီးရင် တိုက်မယ်ပေ့ါနော်၊ ဘုရားရှိခိုးပြီးခါနီး တော့ မီးကပြတ်သွားတာနဲ့ မလုပ်လိုက်ရတာ ၊ တခြားအကျီလေး ပဲ ဝတ် သွားပါလား မောင်ရယ်'

'အေး .... ပြီးရော ပြီးရော'

အစ်ကို ဖြစ်သူ ပြန်ပြောသံအဆုံးမှာ သူရိန်နှာခေါင်းရှုံ့လိုက်မိ၏ ။ အမှန်တော့ ထိုသို့ မဟုတ်ချေ။ မနေ့ညနေက သူရိန်အိမ်မှာ ရှိပါသည်။ မီးမပြတ်သလို အစ်ကို့မိန်းမသည်လည်း ဘုရားမရှိခိုးပါ။ ရပ်ကွက်ထဲက အဒေါ်ကြီး တစ်ယောက် ရောက်လာသဖြင့် တစ်ညနေလုံး အတင်းတုပ်နေကြခြင်းသာ ဖြစ်သည်။

ခုတော့ ဒင်း၏ လေသံက ယောက်ျားအပေါ် ဂရုစိုက်ပြီး သူကိုယ်တိုင်တော့ အပြစ်ဟူ၍ မြူတစ်မှုန့်မျှပင် မရှိသော အသံမျိုး။

သူရိန် အောင့်သက်သက်တွေးနေချိန်မှာ ပဲ အစ်ကို ဖြစ်သူထံမှ ထမင်းချိုင့်ဖွင့်ကြည့်လိုက်သော အသံနှင့်အတူ ....

‘ဟာ .... မိန်းမ၊ အရင်နေ့တွေ ကပဲ အသည်းမြစ်ကလေးစားချင်တယ်လို့ ပြောထားတာကို ခုတော့ အာလူးဟင်းနဲ့ ရုံးပတီသီးပဲ ထည့်ထားပါလား’

ထိုအခါမှာ လည်း မိန်းမ ဖြစ်သူ၏ စကားသံက တစ်မိနစ်မဆိုင်း ....

‘သြော် .... အဲဒါက မောင့်ကျန်းမာရေး အတွက်ပါ၊ ကြက်တုပ်ကွေးတွေ ပြန်ဖြစ်နေတယ်လို့ ကြားလို့၊ အာလူးကလည်း အားရှိပါတယ်။ ပြီးတော့ ရုံးပတီသီးကလည်း မောင်သိသားနဲ့၊ အဟင်း.... ထပ်ပြောရရင် ဒီနေ့ဟာ သော ကြာဆိုတော့ မောင့်မွေးနေ့လေ၊ သက်သတ်လွတ်လို့ သဘောထားပြီး ကုသိုလ်ရအောင် ဒါလေးပဲစားလိုက်နော်’

‘အေးလေ .... အဲဒါလည်း ကောင်းသားပဲ’

အစ်ကို ဖြစ်သူ စိတ်လျှော့လိုက်ပုံရသည်။ တစ်ဆက်တည်း သတိရသွားဟန်နှင့် ....

‘ဒါနဲ့ မိန်းမ .... လက်ထဲမှာ ပိုက်ဆံတော့ကျန်သေးတယ်မဟုတ်လား’

‘ဟင် .... ဘယ်လိုလုပ် များများ စားစားကျန်တော့မှာ လဲ၊ တစ်နေ့ကပဲ အမေ့ဆီကို ငွေပို့လိုက် သေးတယ်လေ၊ ဒါပဲနော် .... ဒီလ လစာထုတ်ရင် သိပ်မသုံးလာနဲ့ဦး’

အစ်ကို ဖြစ်သူထံမှ စကားသံပင် မကြားရတော့ချေ၊ တဒေါက်ဒေါက်နှင့်

လမ်းလျှောက်ဆင်း သွားသော အသံကိုပဲ ကြားလိုက်ရတော့သည်။

သူရိန်လည်း အိပ်ရာပေါ်ပြန်လှဲလိုက်မိ၏ ။ မိန်းမတွေ များ မလွယ်ပါလားဟု တွေ းနေမိသည်။

ထိုအချိန်မှာ ပဲ အိမ်ပေါ်သို့ တက်လာသော ခြေသံတစ်ခုကို ကြားရပြန်သည်။ သိပ်မကြာလိုက်။ မိန်းမ တစ်ယောက် ၏ စကားသံကလည်း ထွက်ပေါ်လာ၏ ။

'ဟဲ့ .... နင်ဒီနေ့ ဘာလုပ်ဦးမှာ လဲ'

အစ်ကို ဖြစ်သူ၏ မိန်းမက သက်ပြင်းချလိုက်ပြီး ....

'မထူးတော့ဘူးလေ၊ ငါးပဲ ဆက်ပတ်ရတော့မှာ ပေါ့၊ တစ်ပတ်လုံးမွေးလာတာ ဒီနေ့မှ ထွက်သွား ရင် ဘယ်လိုလုပ်မလဲ'

'ပြီးရောလေ .... သော ကြာဆိုတော့ ဒီနေ့အားလုံးပေါင်းရှင်းရမှာ နော်'

'အေးပါ .... ငါနားလည်ပါတယ်၊ အဲဒါကိုသိလို့ အိမ်မှာ တောင် ဟင်းကောင်းကောင်းမချက်ဘူး'

သူရိန် သဘောပေါက်လိုက်သည်။ မိန်းမ ဖြစ်သူ အကျွရာဂဏန်းငါးမွေးနေသဖြင့် အစ်ကို ဖြစ်သူ မှာ တကယ်လို့ သတ္တဝါငါးဟင်းလေးတောင် မစားရ။ ပြီးတော့ ဒင်း သူ့အမေဆီကို ငွေပို့နေသည်ဆို တာလည်း လိမ်ဆင်ပဲ ဖြစ်မည် ။

ထိုစဉ် ....

'ဟဲ့ ... ဒါနဲ့ဈေးထဲက မမိမိလေးတို့ဆိုင်မှာ အထည်သစ်တွေ ရောက်နေတယ်ဆို၊ ငါလည်း လပေးနဲ့ သွားယူဦးမှပဲ'

'သွားရင်လည်း ကြည့်သွား၊ လပေးဆိုရင် မိမိလေး ယောကျ်ားအောင်သူဟုတ်က သိပ်ကြည် ချင်တာ မဟုတ်ဘူးနော်'

'အေးပါ .... ငါသိပါတယ်'

နောက်ထပ် ကြားလိုက်ရသော စကားသံတွေ ကြောင့် သူရိန်သက်ပြင်းသာချလိုက်မိတော့၏ ။

ယောကျာ်း ဖြစ်သူကိုတော့ အကျီလေးမီးပူတိုက်ပေးရဖို့ ဝန်လေးသည့်မိန်းမ။ သူ့အတွက်ကျ တော့ လပေးနှင့် ပင် သွားဝယ်ဦးမည် တဲ့လေ။

သူရိန် စဉ်းစားရင်းကပင် ကောက်ချက်ချလိုက်မိသည်။

'မိန်းမတွေ ဟာ မယုံရဘူး'

(၂)

ထိုသို့ မိန်းမတွေ က မယုံရကြောင်း ပတ်ဝန်းကျင်မှာ အတော် အသင့်ကြားပြီးသည့်တစ်နေ့ သူငယ်ချင်းနှစ် ယောက် နှင့် သူရိန်ဆုံသေးသည်။

ထိုသူငယ်ချင်းနှစ် ယောက် က သူတို့၏ ချစ်သူကောင်မလေးများ အကြောင်းကို တဖွဲ့တနွဲ့ ပြော နေကြချိန်မှာ ဖြစ်၏ ။

ပထမသူငယ်ချင်းက ....

'ငါတော့ သူ့ရှေ့ရောက်ရင် ရင်အရမ်းခုန်တာပဲကွာ'

နားကြားပြင်းကတ်သော သူရိန်က ပက်ခနဲပြန်ပြောလိုက်သည်။

'ဒါဆိုလည်း သူ့ရှေ့မသွားနဲ့ပေါ့ကွာ၊ ကြာရင် မင်းနှလုံး ရောဂါ ရလိမ့်မယ်'

ထို သူငယ်ချင်း နင်သွားသည်။ ဒုတိယသူငယ်ချင်းကလည်း ....

'ငါ ကတော့ ချစ်သူရှေ့ရောက်ရင် အကြိမ်ကြိမ် အစွမ်းကုန်ပြုံး ပြမိတာပဲ၊ အပြုံး ဟာ လက်နက် တစ်ခုပဲလေ'

ရပ်ကွက်ထဲက ရခိုင်မုန့်တီရောင် းတဲ့ အပြုံး လားဟု သူရိန်က ငေါ့မေးလိုက်ဖို့ စဉ်းစားလိုက်သေး သည်။ ပြီးမှ ထိုထက်ထိရောက်သော စကားကို စဉ်းစားမိသဖြင့် ....

'အေး ... အဲဒီ လောက်သာ ပြုံး ပြနေရင်တာ့ ပတ်ဝန်းကျင်က မင်းကိုဖြီးကြီး

ပေါ်တာကြီးလို့ ထင်ကြမှာ ပေါ့'

ထိုစဉ် ပထမသူငယ်ချင်းက ဝင်၍ ....

'ငါကျတော့ မပွင့်တပွင့်လေးပဲ ပြုံး ပြတာကွ'

သူရိန်ကလည်း ချက်ချင်း ....

'အဲဒါဆိုရင်တော့ ပတ်ဝန်းကျင်က မင်းကို ဒုက္ခသည်လို့ ကြာရင်ထင်မှာ ပဲ'

'ဒါဆိုလည်း ချစ်သူရှေ့ရောက်ရင် စကားမပြော၊ ပြုံး လည်းမပြဘဲ ရုပ်တည်နဲ့နေမယ်ကွ'

ထိုစကားကြောင့် သူရိန်က ....

'အဲဒါဆိုရင်တော့ မင်းကိုပတ်ဝန်းကျင်က ဘဝင်ရူးလို့ ထင်မှာ ပဲ'

'ဟာကွာ .... အဲဒီ လောက်တောင် ဖြစ်နေရင် ချစ်သူရှေ့ရောက်ရင် ရဲရဲတင်းတင်းနေပစ်မယ်'

သူငယ်ချင်းစကားအဆုံးမှာ သူရိန်က ခေါင်းခါယမ်းရင်း ....

'အဲဒါ ပိုဆိုးတယ်၊ ပတ်ဝန်းကျင်က မင်းကို မိမဆုံးမ ဖမဆုံးမလို့ ထင်လိမ့်မယ်'

'အိုကွာ .... နောက်ဆုံး ပြတ်ပြတ်သားသားနေမယ်ကွာ၊ ချစ်သူဝမ်းနည်းလို့ ငိုရင်တောင် မျက်နှာတစ်ချက် မပျက်ဘူး'

'အဲဒါဆိုရင်တော့ မင်းကိုပတ်ဝန်းကျင်က ကိုယ်ချင်းစာစိတ်မရှိတဲ့ကောင်လို့ ထင်မှာ ပေါ့'

သူငယ်ချင်းနှစ် ယောက် စလုံး လေပူကိုယ်စီမှု တ်ထုတ်လိုက်ကြသည်။

ပြီး တစ်ယောက် က အရင် ....

'ဟေ့ကောင် ... မင်းကဘာ ဖြစ်လို့ ငါတို့ကို အကန်တွေ ချည်းပဲ

ပြောနေတာလဲကွ’

သူရိန် ရုပ်တည်ဖြင့် ....

‘ငါလား .... သေသေချာချာတော့ မပြောတတ်ဘူးကွာ၊ ခုတလော မိန်းမတွေ ကို မယုံရဘူးလို့ မြင်နေလို့ ဖြစ်လိမ့်မယ်နဲ့တူတာပဲ’

အမှန်တော့ ဘာမှလည်း မဆိုင်ချေ။

ထိုစဉ် နောက်သူငယ်ချင်းက ....

‘မင်းက ရည်းစားမထားဖူးဘဲနဲ့ မိန်းမတွေ ကို မယုံရဘူး ပြောနေတယ်၊ လက်တွေ့ရော စမ်းသပ် ပြီးပြီလား’

သူရိန် မျက်ခုံးပင့်လိုက်ကာ ....

‘အဲဒါကို အကောင်အထည်ဖော်ဖို့ စဉ်းစားနေတယ်’

(၃)

မည် သို့ မည် ပုံ ဖန်တီးလိုက်သည်တော့ မသိ။ သူရိန် တစ်ယောက် ကောက်ကာငင်ကာ ရည်းစား တစ်ယောက် ထားလိုက်သည်။

ထုံးစံအတိုင်း ထိုရည်းစားနှင့် ချိန်းတွေ့ကာ လျှောက်လည်ကြသည်ပေါ့။ ရိုးရာမပျက် ပန်းခြံထဲ သို့ သွားခြင်း ဖြစ်သည်။

အတူတွဲ လျှောက်ရင်း သူရိန်က ခပ်လှမ်းလှမ်းမှ ကောင်မလေး တစ်ယောက် ကို ကြည့်ကာ ....

‘မသန်းမြင့် .... ဟိုကောင်မလေးက ချစ်စရာလေးနော်၊ သူဝတ်ထားတာလေးက ကြည့်ကောင်း တယ်’

မသန်းမြင့်(သူရိန်၏ ရည်းစား) မျက်မှော က်ကြုတ်သွားသည်။ တကယ်လှမ်းကြည့်လိုက်တော့ လည်း ထိုကောင်မလေးက လှနေသည်မို့

အင်တင်တင်အသံဖြင့် ပြန်ပြောလာသည်။

‘အင်း .... ဟုတ်တယ်၊ မဆိုးပါဘူး’

ထိုသို့ ပြန်ပြောလိုက်သော မသန်းမြင့်၏ မျက်နှာကို အကဲခတ်ကာ သူရိန်အချက်တစ်ချက်ကို မှတ်သားထားလိုက်၏ ။

သူရိန်က နောက်တစ်ခွန်းထပ်ပြောလိုက်သည်။

‘ဒါပေမဲ့ မသန်းမြင့်လည်း လှပါတယ်၊ တစ်ယောက် တစ်မျိုးစီပေါ့’

ချက်ချင်း ဆိုသလို မသန်းမြင့်၏ မျက်နှာ ဝင်းသွားပြီး....

‘အို...မဟုတ်သေးပါဘူး၊ ကျွန်မက ဘယ်မှာ လှလို့လဲ’

‘လှပါတယ်’

‘မလှပါဘူး’

ထိုသို့ငြင်းနေချိန်၌ မသန်းမြင့်၏ မျက်နှာပေါ်မှာ ပီတိတွေ ဖြာဝေနေသည်။ သူရိန်က နောက် ထပ်တစ်ချက် မှတ်သားထားလိုက်ပြန်၏ ။

ထို့နောက် ပန်းခြံထဲမှထွက်ကာ စူပါမားကတ်ဆီသို့ ရောက်သွားပြန်သည်။

သူရိန်က ....

‘မသန်းမြင့်က ဘာဝယ်မလို့လဲဟင်’

မသန်းမြင့်က အရေး မကြီးသော ပုံစံဖြင့် ....

‘ဘာရယ်မဟုတ်ပါဘူး၊ လိုအပ်တာလေးတွေ များ ရှိမလားလို့ပါ’

ထိုသို့ သာပြောပြီး တကယ်တမ်းရောက်တော့ အားကြိုး မာန်တက် ဝယ်ယူတော့သည်။ ကျသင့် ငွေကိုတော့ သူရိန်ကရှင်း။

စျေးဝယ်ပြီးတော့ ရုပ်ရှင်ဝင်ကြည့်ကြသည်။ ရုပ်ရှင်ထဲမှာ

မင်းသမီးသေသွားသဖြင့် မသန်းမြင့် လည်း မျက်ရည်ကျသည်။

သူရိန်က မသန်းမြင့်ကိုကြည့်ကာ ပြုံး စိစိလုပ်ပြန်သဖြင့် ....

'ရှင် ဘာ ဖြစ်နေတာလဲ၊ ဒီလောက်သနားဖို့ကောင်းနေတာကို'

သူရိန် ဟန်ဆောင်၍ မျက်နှာလေးကို အိုစာလိုက်ရ၏ ။ ထိုအချိန်တွင် သူရိန်စိတ်ထဲ၌ အချက် အနည်းငယ်ကို ထပ်၍ မှတ်သားလိုက်ပြီ ဖြစ်သည်။

ရုပ်ရှင်ရုံမှထွက်တော့ အနည်းငယ်မှော င်စပျိုးနေလေပြီ။

သူရိန်က အင်းယားကန်ပေါင်သို့သွားရန် ပြောကြည့်သေး၏ ။

မသန်းမြင့်က ....

'အို.... ကျွန်မ မသွားချင်ပါဘူး'

သူရိန် သဘောပေါက်လိုက်သည်။ သို့နှင့် ရပ်ကွက်ထဲသို့ ကားငှားကာ နှစ်ယောက် သား ပြန် လာချိန်မှာ ဘဲ မသန်းမြင့်က ....

'ရှင့်ကို ပြောစရာရှိတယ်'

'ဟင် .... ဘာလဲ'

သူရိန်က အူတူတူပြန်မေးလိုက်သဖြင့် မသန်းမြင့်က မျက်စောင်းထိုးကာ ....

'ရှင် ကျွန်မကို ချစ်တယ်ဆိုတော့ တကယ်လက်ထပ်ဖို့ ရည်ရွယ်ထားတာလား'

'ဗျာ ... ဘာ ဖြစ်လို့လဲ'

'မေးကြည့်တာပါ၊ ကျွန်မအစ်ကိုသုံးယောက် စလုံးက လူမိုက်တွေ လေ'

'ဗျာ'

ဘာမှမဆိုင်သလိုရှိပေမယ့် သူရိန်စိတ်ထဲ ဘုရားတလိုက်မိသည်။

ထိုစဉ်မှာ ပဲ မသန်းမြင့်က ....

‘ရှင် ကျွန်မဆီက ဘာတွေ မျှော်လင့်ထားလဲ’

‘အဲဒါက ... အဲ... အင်း ... ဟို ....’

သူရိန် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ်မှာ ပဲ မသန်းမြင့်ကဆက်၍ ....

‘ကဲပါ ... ကျွန်မအပေါ်ထားတဲ့ ရှင့်ရဲ့ စိတ်ရင်းအမှန်ကို ရှင့်ဟာရှင်စဉ်းစားကြည့်ဦးပေါ့’

သူရိန် ဘာမှထပ်မပြောရဲတော့။ ရပ်ကွက်ထိပ်မှာ ပဲ ကားခငွေကိုရှင်းကာ ကားပေါ်မှ ဆင်းခဲ့ လိုက်သည်။

နောက်ရက်တွေ မှာ မသန်းမြင့်ထံသို့လည်း မသွားရဲတော့။ စိတ်ထဲမှ နဂိုကတည်းကမှ မယုံ သလို ဖြစ်နေသော မိန်းမတွေ ၏ စကားကို အောက်ပါအတိုင်း နားလည်ရမည် ဟု ကောက်ချက်ချလိုက်မိ သည်။

မိန်းမတွေ ၏ စကားကို ခက်ဆစ်အဓိပ္ပာယ်ဖွင့်ရလျှင် ...

*

အမျိုးသမီးတို့၏ စကား တိုက်ရိုက်အဓိပ္ပာယ်ပြန်ချက်

ဟုတ်တယ် = မဟုတ်ဘူး

မဟုတ်ဘူး = ဟုတ်တယ်

ဟုတ်မှာ ပါ = မဟုတ်ဘူး

ဟုတ်ချင်မှ ဟုတ်မှာ ပါ = ဟုတ်တယ်

လိုအပ်သလားလို့ = လိုချင်တယ်

ကျွန်မ အရမ်းဝမ်းနည်းတယ် = ရှင် ဝမ်းနည်းရမယ်

ကျွန်မ ပြောစရာရှိတယ် = ရှင်ဘုရားတပေတော့

ရှင်ဘာတွေ မျှော်လင့်သလဲ = ရှင်ဘာပေးနိုင်လဲ

ရှင်စဉ်းစားပေါ့ = ရှင်သိပ်မဟန်သေးဘူး

ကျွန်မ မသွားချင်ဘူး = ရှင်သွားရဲသွားကြည့်

ကျွန်မအလေးမထားဘူး = ရှင်အလေးထားရမယ်

Dise 2

(၄)

'နင်တို့တွေ ရည်းစားမထားစမ်းပါနဲ့ဟာ၊ ယောကျ်ားဆိုတာ ငါစားနေတဲ့ ချောကလက်လောက် တောင် ကောင်းတာမဟုတ်ဘူးဟ'

တကယ်ပင် ချောကလက်စားရင်း သော်တာက သူ့သူငယ်ချင်းနှစ် ယောက် ကို ပြောလိုက်ခြင်း ဖြစ်သည်။ ထပ်ပြောရလျှင် ထိုသူငယ်ချင်းနှစ် ယောက် ကလည်း လက်ရှိရည်းစားရှိသော သူများ ဖြစ်၏ ။

ထို့ကြောင့် ....

'ပြောစမ်းပါဦး၊ ချောကလက်က ဘာတွေ များ ထူးခြားပြီး ကောင်းလို့လဲ'

သော်တာက ပခုံးအသာတွန့်လိုက်ရင်း ....

'ပြောမယ်လေ၊ ငါ ချောကလက်ကို ဘာကြောင့် ရွေးချယ်လဲဆိုတော့ ....'

စကားကို ဖြတ်ထားပြီးမှ ဆက်၍ ....

'ချောကလက်ဆိုတာ အချိန်ရှိတိုင်း စိတ်ရှိတိုင်းစားလို့ရတယ်လေ၊ ချစ်သူရည်းစားဆိုတာက စိတ်ရှိတိုင်း ပြောလို့မှမရတာ '

'ဩော် ..... ဟုတ်လား'

'မရှဲ့နဲ့ .... ဆက်ပြောမယ်၊ ချောကလက်ဆိုတာက ကားမောင်းနေရင်းနဲ့လည်း

စားလို့ရတယ် ဟ၊ ချစ်သူ ကတော့ ကိုယ့်ကိုမောင်းရင်း ချောကလက်စားမှာ ’

‘အဲ့ .....’

‘ရှိသေးတယ်၊ ချောကလက်ဆိုတာ နှစ်သက် တဲ့အမျိုးအစား ရွေးချယ်လို့ရတယ်၊ ယောကျာ်းက တော့ ရည်းစားတော် ပြီးလို့ရှိရင် ရွေးချယ်လို့မရတော့ဘူး’

‘ဟင် .....’

‘ချောကလက်စားလို့ တခြားလူတွေ နဲ့ အမုန်းပွားဖို့မရှိဘူးဟ၊ ချစ်သူရည်းစားကြောင့် တော့ အမုန်းပွားဖို့ အလားအလာရှိတယ်’

‘အဲ့လိုလား’

‘ထပ်ပြောရရင် ချောကလက်စားတဲ့နေရာမှာ အသက်ကြီးခြင်း ငယ်ခြင်းနဲ့ပတ်သက်ပြီး ပြဿနာမရှိနိုင်ဘူးလေ၊ ချစ်သူချင်းကြားထဲမှာ တော့ အဲဒီကိစ္စကကြာရင် ပြဿနာရှိလာနိုင်တယ်’

‘ဩော် ... ဒါကြောင့် နင်ချောကလက်ပဲ စားတာပေါ့၊ ဟုတ်လား’

‘ဟုတ်တယ်’

သော်တာက အခိုင်အမာဖြေလိုက်သည်။

ထိုစကားကြောင့် သူငယ်ချင်း တစ်ယောက် က ....

‘နင်ပြောနေတာ ကတော့ နင့်ခံယူချက်နဲ့နင်လေ၊ ဘာကြောင့် နင်ခုလိုပြောလဲဆိုတော့ နင်ဟာ ရည်းစားမထားဖူးဘဲနဲ့ ချောကလက်လောက်ပဲ စားဖူးလို့ပဲ’

‘ဟေ ....’

ဒီတစ်ခါ ပြန်မပြောနိုင်သူမှာ သော်တာ ဖြစ်သည်။ အတန်ကြာ မျက်မှောက်ကြုတ် တွေ ဝေသွား ပြီးမှ ....

‘အေး ... နင်ပြောတာ ဟုတ် မဟုတ် ငါရည်းစား တစ်ယောက် လောက်တော့

ထားကြည့်ဦးမယ်’

‘ဟင် ….’

(၅)

ထိုသို့ပြောပြီး နောက်တစ်ပတ်လောက်ကြာသော အချိန်မှာ ပဲ သော်တာက သူမအား ပိုးပန်းသူ တွေ ထဲမှ သင့်တော် မည့် သူ တစ်ယောက် ကို ခေါင်းခေါက်၍ ရည်းစားအ ဖြစ် ရွေးချယ်လိုက်သည်။

ထိုသူ ကတော့ ပိုက်ဆံရှိသည်။ အသိုင်းအဝိုင်းတောင့်သည်။ ရုပ်ရည်အားဖြင့်လည်း နှာခေါင်း နည်းနည်း နိမ့်နေသည်မှ အပအတော် ပြေပြစ်ပါသည်။ အပြင်ပန်းကြည့်ကာပြောရလျှင် ခြွင်းချက်ဆိုလို့ တစ်ခုလောက်သာရှိသည်။ ထိုအရာ ကတော့ ဒင်း၏ နာမည် ။

သော်တာထားလိုက်သော ရည်းစား၏ နာမည် က ကိုတင်ဝင်း ဖြစ်သည်။ နာမည် နှင့်လိုက်ဖက်စွာ ‘တင်’တကယ်ဝင်း၊ မဝင်းတော့ သော်တာလည်း လှန်မကြည့်ဖူး၍ မသိပါချေ။

လောလောဆယ်မှာ တော့ သော်တာနှင့်ကိုတင်ဝင်း၊ ကိုတင်ဝင်းနှင့် သော တာသမီးရည်းစား အ ဖြစ် အမည် က ပေါက်နေလေပြီ။

ရည်းစားအ ဖြစ်တွဲ ရင်း တစ်ပတ်လောက်အကြာမှာ ပဲ ကိုတင်ဝင်း၏ စိတ်သဘောကို သိလာရ ၏ ။

‘ဗိုက်ဆာလိုက်တာ သော်တာရယ်၊ တစ်ခုခုသွားစားရအောင်’

ထိုသို့ ဆိုလာလျှင် ကိုတင်ဝင်း အတော် ဗိုက်ဆာနေသည့်သဘော ဖြစ်သည်။

အလုပ်ထဲ၌ အနည်းငယ်ပင်ပန်းလာလျှင်လည်း ….

‘မောလိုက်တာ သော်တာရယ်’

ထိုသို့ ပြောလာလျှင်တော့ သော်တာ့ဆီမှ အယုအယတွေ ကို လိုချင်တောင့်တနေပြီ။

နောက်ထပ် သိလာရတာ တွေ ကတော့ ...

ဥပမာ ပန်းခြံထဲထိုင်ရင်း ....

'သော်တာက အရမ်းလှတာပဲ'

ထိုသို့ ဆိုလျှင်တော့ သတိသာထားပေတော့။ ကိုတင်ဝင်း၏ လက်က ပခုံးကိုသိုင်းဖက်ပြီး အားလုံးသိကြသည့်အတိုင်း ....

တစ်ခါတလေ နှစ် ယောက် သား တစ်ခုခုစားသောက်နေရင်းကပင် ကိုတင်ဝင်းက ....

'ပျင်းလိုက်တာကွာ၊ လှော်ကားဘက်ကို သွားကြမလားဟင် သော်တာ'

အသည်းအသန်ငြင်းဖို့သာ စိတ်ကူးတော့။ ကိုတင်ဝင်း၏ အကြံကို သဘောပေါက်သင့်သည်။

ထိုသို့မှမရလျှင် ကိုတင်ဝင်းက နောက်တစ်မျိုး မြူဆွယ်ပါသေးသည်။

'သော်တာ ရုပ်ရှင်ကြည့်မလားဟင်'

ထပ်ငြင်းရသည်။ တစ်ခါ သူခေါ်သွားသည့် ရုပ်ရှင်ရုံက လူသိပ်မကြည့်သော ရုံ ဖြစ်သည်။ ပြီး ဒင်းဝယ်သည့် လက်မှတ်နေရာက နောက်ဆုံးတန်းထောင့်ခုံဆိုတာမျိုး။

တစ်ခါတစ်ခါ ဘာလုပ်ပေးရမလဲဟု ကိုတင်ဝင်းမေးသည်ကလည်း အကြောင်းမဲ့တော့မဟုတ်။ သင်းဦးနှောက်ထဲမှာ အကြံအစည်တွေ များ စွာ ရှိနေပါသည်။

'ဘာစားချင်လဲ'

ထိုသို့ မေးလာလျှင်တော့ သော်တာလိုက်စားဖို့ကြောက်မိသည်။ သူကျွေးတာစားပြီးလျှင် အင်း .... သူ့ဆန္ဒကိုတော့ အနည်းငယ် ဖြစ် ဖြစ်

လိုက်လျှောရတော့မည် မဟုတ်လား။

တစ်ခါတစ်ခါလည်း ဘာရယ်မဟုတ်ဘဲ ကိုတင်ဝင်းက ပြောလာသေးသည်။

'တစ်ရက်လောက်တော့ ရှော့ပင်းထွက်ကြမယ်လေ၊ သော်တာလိုချင်တာတွေ စဉ်းစားထားပေါ့'

အဲဒီ လောက်ဆိုလျှင်တော့ လတ်တလောအခြေအနေကို သော်တာ သဘောပေါက်လိုက်ပြီ။

ထို့ကြောင့် ....

ချောကလက်ကိုပဲ စားတော့မည် ဟု ဆုံးဖြတ်ကာ ကိုယ့်ဘက်က မနစ်နာခင် ကိုတင်ဝင်းကို အဆက်ဖြတ်လိုက်၏ ။

ပြီး ကိုတင်ဝင်းနှင့်ချိန်ထိုးကာ ယောကျ်ားတွေ ၏ စကားအဓိပ္ပာယ်ကို အောက်ပါအတိုင်း ကောက်ချက်ချလိုက်မိ၏ ။

*

အမျိုးသားတို့၏ စကားတိုက်ရိုက်ရိုက်အဓိပ္ပာယ်ပြန်ချက်....

မိုက်ဆာတယ် = မိုက်ဆာတယ်

အိပ်မရဘူး = အိပ်မရဘူး

မောတယ်ဗျာ = မောတယ်ဗျာ

လှလိုက်တာ = ချစ်ချင်တယ်

ချစ်တယ် = ချစ်ချင်တယ်

ပျင်းလိုက်တာ = ချစ်ချင်တယ်

ဘာလုပ်ပေးရမလဲ = ချစ်ချင်တယ်

ရုပ်ရှင်ကြည့်မလား = ချစ်ချင်တယ်

ဘာစားချင်လဲ = ချစ်ချင်တယ်

လိုချင်တာစဉ်းစားထားနော် = လောလောဆယ် ပိုက်ဆံမရှိသေးဘူး

Ðise 3

(၆)

နှစ် ဖက်သော မိဘများ ၏ ဆန္ဒသဘောအရ စေ့စပ်ပွဲတစ်ခု ဆင်ယင်ကျင်းပသည်။ အကျဉ်းရုံး မဟုတ်သလို အကျယ်လည်းမဟုတ်။ နှစ်ဖက်အသိုင်းအဝိုင်းမှ ရင်းနှီးသော မိတ်ဆွေအချို့ကိုသာ ဖိတ် ထားသည်။ ဟိုတယ်တစ်ခုတွင် ကျင်းပနေခြင်း ဖြစ်ပြီး ထိုဟိုတယ်မှ မှာ ယူထားသော အစားအသောက် နှင့် ဖိတ်ထားသည့်လူအရေအတွက်က အတိအကျ ဖြစ်၏ ။

ထားတော့။ ယခု စေ့စပ်ပွဲမှာ တော့ ကာယကံရှင်နှစ် ယောက် က ဒုတိယအကြိမ် မြင်ဖူးကြခြင်း ဖြစ်သည်။ ပထမတစ်ကြိမ် ကတော့ ကောင်မလေးအိမ်မှာ လူကြီးချင်းသွားရောက်စကားပြောစဉ်က ....

မည် သို့ပင် ဖြစ်စေ ....

မကြာခင် လက်ထပ်တော့မည် ဟု ပတ်ဝန်းကျင်သိထားသော နှစ် ယောက် ကတော့ ယှဉ်တွဲ ၍ ထိုင်နေကြလေပြီ။

တစ်ယောက် နှင့် တစ်ယောက် လည်း မကြာခဏဆိုသလို မသိမသာခိုးကြည့်အကဲခတ်မိကြ၏ ။

ထိုနှစ် ယောက် ကတော့ တခြားမဟုတ်ချေ။ ပရိသတ်ကြီးသိထားသော သူရိန်နှင့်သော်တာတို့ ဖြစ်သည်။

သူရိန်က သော်တာကို ဆယ့်ငါးကြိမ်ခွဲ အကဲခတ်လိုက်ရင်း စဉ်းစားမိသည်။

'အင်း .... ဒီကောင်မလေးဟာလည်း မယုံရတဲ့မိန်းမတွေ ထဲမှာ ပါနိုင်တာပဲ'

ထိုသို့ သူရိန်တွေးနေသလို သော်တာစိတ်ထဲမှလည်း ....

'မိဘတွေ စီစဉ်လို့သာ လက်ခံလိုက်ရတယ်၊ ဒီ တစ်ယောက် လည်း တခြားယောကျာ်းတွေ လို နေမှာ ပဲ'

နှစ် ဦးစလုံး၏ အတွေးတွေ ကတော့ အားရစရာကောင်းလှသည်။ ပြီး နှစ်ယောက် စလုံးထပ်ကာ အကဲခတ်ချင်စိတ်ဖြင့် ကြည့်မိကြပြန်သည်။ မတိုင်ပင်ထားသော လည်း တိုင်ပင်ထားသကဲ့သို့ အကြည့် ချင်းဆုံသွားကြသဖြင့် ....

'ဟင် ....'

'အို ....'

အသံအားဖြင့်ထွက်မလာဘဲ စိတ်ထဲမှ ကိုယ်စီရေရွတ်လိုက်မိခြင်း ဖြစ်၏ ။

သူရိန်က အိုးတိုးအမ်းတမ်းဖြင့် တစ်ဖက်သို့ အမြန်လှည့်လိုက်သလို သော တာမှာ လည်း ရှက်ရွံ့စွာ ခေါင်းအမြန်ငုံ့လိုက်မိသည်။

တိတိကျကျဆုံလိုက်သော အကြည့်တစ်ချက်ကြောင့် နှစ် ဦးစလုံး၏ ရင်ထဲမှာ လည်း ဗိုးသိုးဖတ် သတ်တွေ ဖြစ်သွားကြ၏ ။ ထိုခံစားမှု ကိုတော့ နှစ် ဦးစလုံး အမည် ပေါက်မသတ်မှတ်ရဲ။

ထိုအချိန်မှာ ပဲ သော်တာဆီမှ စကားသံသဲ့သဲ့က မတိုးမကျယ် ထွက်လာသည်။

'စေ့စပ်ပွဲပြီးရင် ရှင်နဲ့ကျွန်မ နှစ် ယောက် တည်း စကားပြောချင်တယ်'

ဝေခွဲမရသော မျက်နှာပေးဖြင့် သူရိန်ခေါင်းပဲညိတ်ပြလိုက်မိသည်။

(၇)

'ကျွန်မ ရည်းစားထားဖူးတယ်'

တည်တည်ငြိမ်ငြိမ်လေး ပြောလာသော သော်တာ့စကားသံအဆုံးမှာ

သူရိန်ကလည်း ....

‘ဘာများ လဲလို့ ရည်းစားတော့ ကျွန်တော် လည်း ထားဖူးပါတယ်’

သော် တာက မျက်ခုံးပင့်လိုက်ရင်း ....

‘ဘာပဲ ဖြစ် ဖြစ် ရှင်နဲ့က စေ့စပ်ထားတာဆိုတော့ ကြိုပြောထားတာလေ’

‘ခင်ဗျား ပြောစရာရှိတယ်ဆိုတာ ဒါပဲလား’

သူရိန်စကားအဆုံးမှာ သော် တာက ခေါင်းခါလိုက်ပြီး ....

‘ဟင့်အင်း .... ကျန်သေးတယ်၊ ရှင်နဲ့ ကျွန်မက မကြာခင်လက်ထပ်ရမှာ ဆိုတော့ ရှင့် အကြောင်း ဒီထက်သိချင်တယ်’

သူရိန်ပခုံးတွန့်လိုက်မိသည်။ တစ်ဆက်တည်းပဲ ....

‘ကိုယ့်အကြောင်းကိုယ် ပြန်ပြောရတာ လူ တစ်ယောက် အတွက် ခက်တယ်ဗျ၊ အဲ .... ဒီလိုလုပ် ပါလား၊ ခင်ဗျားရော ကျွန်တော် ပါ တစ်ယောက် အကြောင်း တစ်ယောက် ဒီထက်ပိုသိရအောင် လက် မထပ်ခင် တွဲ ကြည့်ကြမလား’

အကြောက်အကန် ငြင်းမည် ဟု သူရိန်ထင်ထားခဲ့သော် လည်း လက်တွေ့မှာ တော့ သော် တာ ပြန်ပြောလာသော စကားသံက ခပ်အေးအေး။

‘အင်း ... ကောင်းသားပဲ’

ထိုစကားကြောင့် သူရိန်အတော် ပင် အံ့သြသွားရလေ၏ ။

(၈)

နှစ် ယောက် သား ပထမဆုံးအကြိမ် လျှောက်လည် ဖြစ်ကြသည်။

လမ်းမှာ ကောင်မလေးများ တွေ့လျှင် သူရိန်က ....

‘သော် တာ ဟိုကောင်မလေးက ချစ်စရာလေးနော်’

ထိုသို့ ပြောလိုက်သော်လည်း သော်တာမျက်နှာပေါ်မှာ ဘယ်အရိပ်မှဖြတ်မသွားဘဲ လှမ်း၍ ပင်ကြည့်လိုက်ရင်း .....

'ဟုတ်ပ၊ ဒီခေတ်ကောင်မလေးတွေ က ဝတ်တတ်စားတတ်တော့ အားလုံးလိုလို လှတာပဲလေ'

ထိုစကားကြောင့် သူရိန်က ....

'အင်း ... သော်တာလည်း လှတာပါပဲ'

ဒီတစ်ခါလည်း သော်တာက မျက်နှာအေးအေးနှင့် ပင် ....

'ဟုတ်မှာ ပေါ့၊ ကိုယ့်ကိုယ်ကိုယ်တော့ ရွက်ကြမ်းရေကျိုထက်တော့ သာတယ်ထင်တာပဲ'

လျှောက်သွားရင်း ရှော့ပင်းစင်တာအနီးသို့ရောက်တော့ သော်တာက ...

'ဝယ်စရာရှိလို့ ခဏဝင်ရအောင်'

'ဝင်လေ'

အထဲကိုရောက်တော့ သော်တာက ဈေးဝိုက်ကာကြည့်မနေဘဲ ဝယ်စရာရှိသည့်ပစ္စည်းကို ဝယ်ပါသည်။

ငွေရှင်းကောင်တာရှေ့ရောက်တော့ သူရိန်က အလိုက်သတိ ပိုက်ဆံအိတ်ထုတ်လိုက်သည်။

သော်တာက ....

'ဘာလုပ်မလို့လဲ'

'ပိုက်ဆံရှင်းမယ်လေ'

စကားအဆုံးမှာ သော်တာက ခေါင်းခါလျက် ....

'မရှင်းပါနဲ့၊ ခုချိန်မှာ တော့ ကျွန်မဟာ ကျွန်မဝယ်နိုင်ပါသေးတယ်၊ တကယ်လိုအပ်တဲ့အချိန်ကျမှသာ ဝယ်ပေးနိုင်အောင် ကြိုး စားထား'

သူရိန်ငြိမ်နေလိုက်ရ၏ ။ ဈေးဝယ်ပြီး နေ့လယ်စာဝင်စားကြတော့ စားသောက်ရင်း သော်တာက ....

'ရှင် ကျွန်မကို ဘယ်လောက်အထိ ရည်ရွယ်ထားလဲ သူရိန်'

ရုတ်တရက် မေးလာသဖြင့် သူရိန်ကြောင်သွားရသည်။ ခေါင်းထဲမှာ လည်း စဉ်းစားထားတာ မရှိသဖြင့် ....

'အမှန်အတိုင်း ပြောရရင်မစဉ်းစားရသေးပါဘူး'

သော်တာ မျက်နှာတည်သွား၏ ။ ပြီး ....

'ဒီနေ့အဖို့တော့ ကျွန်မကိစ္စက ပြီးပြီ၊ ရှင်ဘယ်သွားစရာရှိသေးလဲ'

စကားအဆုံးမှာ သူရိန်က မျက်မှောင်ကြုတ်စဉ်းစားရင်း ....

'ရုပ်ရှင်သွားကြည့်ရင် ကောင်းမလားလို့'

'ကောင်းသားပဲ .... တကယ်ကြည့်မယ်ဆိုရင်တော့ သွားလေ'

မရယ်ရသော ဟာသရုပ်ရှင်ကားတစ်ကား ဝင်ကြည့်ကြသည်။ ရုပ်ရှင်ကြည့်စဉ်တစ်လျှောက်မှာ လည်း သူရိန်ဘက်က မသိမသာအခွင့်အရေး ယူတာမျိုး မရှိချေ။ ဟာသဇာတ်ကားဆိုသည့်အတိုင်း မျက်မှောက်ကြီးကြုတ်ကာ အံကိုတင်းတင်းကြိတ်၍ ကြည့်နေသည်။

ရုပ်ရှင်ရုံမှထွက်တော့ သူရိန်ကပဲ ....

'အင်းယားကန်ပေါင်သွားရအောင် သော်တာ'

'ဘာလုပ်မလို့လဲ'

'လေညင်းခံရုံသက်သက်ပါ၊ သော်တာက ဘယ်လိုထင်လို့လဲ'

'ဘယ်လိုမှ မထင်ပါဘူး'

သို့နှင့် လိုင်းကားစီးကာ အင်းယားလမ်းဘက်သို့ နှစ် ဦးသားထွက်ခဲ့ကြသည်။

ကားမှတ်တိုင်ရောက်တော့ အင်းယားကန်ရှိရာတစ်ဖက်သို့ လမ်းကူးရန်ပြင်လိုက်ကြ၏ ။

သူရိန်က ....

'ကားတွေ တအားရှုပ်တယ်၊ သော်တာ ကျွန်တော့် လက်ကို ကိုင်ထားပါလား'

သဘောရိုးနှင့်ပြောလိုက်ခြင်း ဖြစ်သော်လည်း သော်တာက မျက်စောင်းထိုး၍ ...

'ဟာ .... မကိုင်ပါဘူး၊ ကူးရဲတယ်'

ပြောရင်း ဖျတ်ခနဲ လမ်းကူးလိုက်သည်။

ထိုစဉ် လမ်းကြားထဲမှ ထွက်လာသော ကားတစ်စီးကို မြင်လိုက်ရသဖြင့် သူရိန်က အမြန်ပြေး ကာ လှမ်းဆွဲလိုက်သည်။

'သော်တာ'

ပွတ်ကာသီကာလေး သော်တာလွတ်သွားသော်လည်း အရှိန်လွန်သွားသော သူရိန်နှင့် ကားတို့ ကမိတ်ဆက်သွားပြီး ...

'ဒုတ် ...'

'အား ....'

ကားက ပွတ်တိုက်မိရုံလေး ဖြစ်သည်။ သူရိန်မှာ လည်း ကြီးကြီးမားမား ဒဏ်ရာမရလိုက်။ သို့သော် ....

သူရိန်ကိုကြည့်ကာ သော်တာ တစ်ယောက် မေ့လဲကျသွားလေတော့သည်။

(၉)

ထိုသို့ဖြင့် ....

နောက်ထပ်တစ်လတိတိကြာသော အချိန်တွင် သူရိန်နှင့်သော်တာတို့ လက်ထပ်လိုက်ကြ သည်။

ပတ်ဝန်းကျင်နှင့် အပေါင်းအသင်းတွေ က မေးတော့ သူရိန်က ....

'သော်တာဆီမှာ ငါကြိုက်တဲ့အချက်တွေ ရော၊ မကြိုက်တဲ့အချက်တွေ ပါ ရှိတယ်ကွ၊ ဒါပေမဲ့ ချစ်တယ်ဆိုတဲ့စိတ်တစ်ခုတည်းနဲ့ လက်ထပ်လိုက်တာ'

ထိုကဲ့သို့ပင် ....

သူ့သူငယ်ချင်းတွေ မေးတော့ သော်တာကလည်း ....

'သူရိန်မှာ အပြစ်အနာအဆာတွေ ရှိပေမယ့် လက်တွဲ သင့်တဲ့ ယောကျ်ား တစ်ယောက် လို့ငါယူဆ တယ်လေ၊ ပြီးတော့ သူ့ကိုငါချစ်မိသွားတာဟ၊ သူကချောကလက်လို ဒိတ်ကုန်သွားမှာ မဟုတ်ဘူးလေ'

ထိုသို့

ထိုသို့ဖြင့် .....

နောက်လအတော်ကြာသော် .....

(၁၀)

'အူဝဲ....'

ကလေးက ငိုနေသည်။ 'အူဝဲ ....အူဝဲ'ဟု အော်နေသဖြင့် အိန္ဒြာကျော်ဇင်ကို တမ်းတနေခြင်း တော့ မဟုတ်ချေ။

သူ့ဟာသူ အော်တတ်သလို အော်နေခြင်းသာ ဖြစ်သည်။

နှစ် ဦးသားကြားထဲ၌ ကြိုး တစ်ချောင်းကဲ့သို့ ဆက်သွယ်ပေးထားသော သားလေးကို သူရိန်နှင့် သော်တာတို့ကြည့်၍ မဝ။

သူရိန်ကဆိုသည်။

'အရာဝတ္ထုတိုင်းမှာ နာမည် ရှိပြီးသား သော်တာရဲ့၊ ကိုယ်တို့က နာမည် ထပ်ပေးလို့ မရတော့ဘူး လေ'

သော်တာကလည်း ....

'ဟုတ်တယ်နော်၊ ကိုယ့်နာမည် တောင် ကိုယ်ပေးလို့မှမရတာ '

'ဒီတော့ ကိုယ်တို့ရဲ့ သားလေးကို ကိုယ်တို့ပဲ နာမည် ပေးရအောင်'

'ကောင်းတယ်'

ထိုသို့ ဖြင့် ကလေးနာမည် ကို နှစ် ယောက် စလုံး၏ အမည် ပေးရန် ရွေးချယ်ကြသည်။

သူရိန်က သူ့နာမည် သည် 'နေမင်း'ကို ကိုယ်စားပြုဟု သတ်မှတ်ကာ ကလေးနာမည် တွင် 'နေ' ပါစေချင်သည်။

သော်တာကလည်း သူ့နာမည် က 'လမင်း'ကို ရည်ညွှန်းသည်ဟုဆိုကာ 'လ'ပါချင်ပြန်သည်။

ထိုသို့ ဖြင့် 'လ'နှင့် 'နေ'ပေါင်းကာ အပြီးသတ်ရွေးချယ်လိုက်သည့် ကလေးနာမည် က 'လနေ'။ ပွဲပြတ်ပြီ။

သို့သော် ....

ထိုကလေး၏ နာမည် သည် ကာလတဖြည်းဖြည်းရွေ့လျားလာပြီးနောက် 'လနေ'မှ 'လူနေ'ဟု အမည် တွင် လာကာ နောင်တွင် စာပေလောက၌ အောင်မြင်ကျော်ကြားတဲ့ အောင်မြင်ကျော်ကြားသော စာရေး ဆရာ တစ်ယောက်

ဖြစ်လာလေသည်။

ဟဲ .... ဟဲ .... ပြီးပြီလေ ပရိသတ်။

လေးစားစွာ

မိုးစက်ဝိုင်

# အခန်း(၂)

မိုးစက်ပိုင်

စာအုပ်တန်းချစ်ကြည်ရေး ဘောလုံးပွဲကြီး

ဝတ္ထုမစမီ တောင်းပန်ခြင်း

ဤဝတ္ထုသည် ကျွန်တော် နှင့်ပတ်သက်ခင်မင်ရသော (၃၁၊ ၃၂)လမ်းမှ စာအုပ်အရောင် းဆိုင် များ ၊ ထုတ်ဝေသူများ ၊ စာရေး ဆရာများ အား ကျီစယ်ရေး သားထားသော ကြောင့် စိတ်အနှောင့်အယှက် တစ်စုံတစ်ရာရှိမိပါက ခွင့်လွှတ်ကြပါရန် ကြို တင်၍ တောင်းပန်ပါကြောင်း ....

အားလုံးကို ချစ်ခင်လေးစားသော စိတ်ဖြင့်

ကျွန်တော်

မိုးစက်ပိုင်

(၁)

ဟိုးတစ်လောဆီကသတင်းတစ်ခု ကြားလိုက်ရသည်။ စာပေငွေပေါ်အရင်းပြုတ် ဈေးပွဲတော် ကြီးတဲ့။ အောင်မြင်လား မအောင်မြင်လားတော့မသိ။ ထိုပွဲတော် ကြီးကြောင့် စာပေလောကကြီးတစ်ခု လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ကာလအတော် ကြာ ထိုးကျနေသော စာအုပ်ဈေးကွက်သည်ပင် ပြန်လည်ဦးမော့လာပြီဟု ကြားလိုက်ရ၏ ။ (ထိုအကြောင်းကို အကျယ်သိလိုလျှင် (ဦး)မင်းလူ ရေး သား ခဲ့သော ‘စာပေငွေပေါ်ရင်းဈေးပွဲတော် ကြီး’ အမှတ် ၄၂၊ မေ၊ ၂၀၀၉ ရယ်စရာမဂ္ဂဇင်းနှင့် အမှတ် ၁၀ ရယ်မောပျော်ရွှင် ဟာသလွှင်ပြင်တွင် ရှု)

သို့သော် သိပ်မကြာလိုက်။ စာအုပ်ဈေးကွက်က နာဂစ်မ ဖြစ်မီက ဆောင်းရာသီလို ပြန်အေး သွားသည်။ စာပေလောက၊ အင်းဝစသော အမာဆိုင်တွေ မှာ သိပ်မသိသာသော် လည်း ဒီဘက်က အငှားဆိုင်များ ကို အားကိုးရသည့် သုံးဆယ့်တစ်လမ်းနှင့်

သုံးဆယ့်နှစ် လမ်း အရောင်းဆိုင်များ မှာ တော့ အရင်အတိုင်း ငုတ်တုတ်ပြန်မေ့သွားကြသည်။

တစ်ရက်၊ တစ်ရက် ထိုလမ်းနှစ် လမ်းထဲမှာ ထုတ်ဝေသူ၊ အရောင်းဆိုင်က လူတွေ နဲ့ ဖြန့်ချိရေး သမားများ သာ ခြေချင်းလိမ်နေကြသည်။ စာအုပ်လာဝယ်သူတွေ ပင် ရှားရှားပါးပါး။

ဖြစ်ပုံက ဒီလို။

မိုးဦးကျဖြစ်၍ ဈေးကွက်များ ပြန်ကောင်းမလားဟု မျှော်လင့်နေကြရုံရှိသေး။ ပရီးမီးယားလိဂ်အ ပြီးမှာ မြန်မာလိဂ်ဆိုသော ဘောလုံးပွဲစဉ်များ က ပေါ်လာပြန်သည်။ မိုးအေးအေးနဲ့ အိမ်မှာ နပ်ပြီး စာအုပ်ဖတ်မည့် သူတွေ လည်း ဘောလုံးပွဲတွေ ဆီသို့ ပဲ စိတ်ရောက်နေပြီလား မပြောတတ်။ စာအုပ်အ ရောင်းဆိုင်များ မှာ အရောင်းအဝယ်အေးလွန်း၍ တချို့ဆိုင်လေးတွေ ဆိုလျှင် ပိတ်သွားကြသည်။

ပြီး ထပ်ကြားနေရတာ က ယခင်က စာအုပ်ရောင်းမကောင်းသော ရာသီဟု သမုတ်ထားသည့် ဘာလေးဘာ(စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ)အပြင် ရီနှစ် ရီ (ဇန်နဝါရီ၊ ဖေဖော်ဝါရီ)ပါ ထပ်တိုးလာသည်တဲ့လေ။

အဲဒီ မှာ တင် ပြဿ နာရှိလာတာက ....

(၂)

အဲဒီ မှာ တင် ပြဿ နာရှိတာက အငှားလိုင်း(အပျော်ဖတ်) စာအုပ်ထုတ်ဝေသူတွေ နဲ့ အရောင်း ဆိုင်တို့ပဲ ဖြစ်သည်။ ဈေးကွက်ကောင်းတုန်း ကတော့ ဆိုင်တွေ ကလည်း ငွေမှန်မှန်ရှင်းပေးနိုင်သလို ထုတ်ဝေသူတွေ ကလည်း ဟောတစ်အုပ် ဟောတစ်အုပ်ဖြင့် ဆက်တိုက်ထုတ်ဝေနိုင်သည်။

ခုတော့ အရောင်းဆိုင်တွေ ကလည်း အရင်လို ရောင်းမကောင်းသဖြင့် ဒီဘက်ကို ငွေရှင်းပေး တာ မမှန်တော့ဘဲ ဂျမ်း ဖြစ်လာသည်။ အဲဒီ မှာ ထုတ်ဝေသူတွေ

ဘက်ကလည်း စာအုပ်သာထုတ်နေရ တာ အရင်လောက်မကောင်းဘူးဟု အသံတွေ ထွက်လာကြ၏ ။ တချို့ဆိုရင် စာအုပ်ထုတ်ဝေရေး ပင် မလုပ်တော့ဘဲ တခြားအလုပ်ပြောင်းလုပ်သွားကြသည်။

ထုတ်ဝေသူတွေ ဘက်က အသံတွေ ထွက်လာကြသလို အရောင်းဆိုင်တွေ ဆီကလည်း ပြန် ကြားရ၏ ။ သူတို့မှာ လည်း သူတို့အခက်အခဲနှင့်သူတို့ ဖြစ်သည်။

ပြဿ နာက သူတို့မှာ လည်း နယ်ကဆိုင်တွေ ကို ယုံကြည်မှု ဖြင့် အကြွေးပေးသင့်တန် ပေးရတာ တွေ ရှိသည်။ ထို့ကြောင့် နယ်မှလွဲငွေပြန်စောင့်ရတာ တွေ လည်း ရှိ၏ ။ ဒါကြောင့်လည်း ဒီဘက်က ထုတ်ဝေသူတွေ ကို မျက်နှာပူပူနှင့်ငွေပေးရန် ရက်ချိန်းရွှေ့ရခြင်း ဖြစ်သည်။ ဒါလေးတောင် နားမလည် ဘူးလားဟု တချို့ဆိုင်တွေ က နောက်ကွယ်မှပြောတာတွေ လည်း ရှိလာ၏ ။

မည် သို့ပင် ဖြစ်စေ ....

ပါးစပ်က ဖွင့်မပြောကြ။ (ဖွင့်မပြောသာ)ပေမယ့် စိတ်ထဲမှာ တော့ တစ်ယောက် နဲ့ တစ်ယောက် နားမလည်ဘူးလားဟု အနည်းငယ်တွေ းလာသူတွေ ကတော့ ထုတ်ဝေသူနဲ့ အရောင်းဆိုင်တွေ ပဲ ဖြစ် သည်။

တစ်ရက်က နှစ် ရက်၊ တစ်လက နှစ် လ ဒီအခြေအနေအတိုင်း စာအုပ်တန်းချီတက်နေပေမယ့် လည်း လက်ပိုက်ပြီးကြည့်မနေနိုင်သူတွေ က ရှိလာသည်။

ထိုသူတွေ က တခြားမဟုတ်။ ထိုစာအုပ်တန်းနှင့် တစ်မျိုးတစ်ဖုံ ပတ်သက်နေကြသော စာရေး ဆရာတစ်စု ဖြစ်လာသည်။

ထိုစာရေး ဆရာတွေ ထဲကမှ ....

(၃)

ထိုစာရေး ဆရာတွေ ထဲကမှ ပဉ္စမံဒီရိုင်းသည် သူ၏ ထုတ်ဝေသူ 'ငါတို့'စာပေမှ စန်းမွန်အောင် အား သုံးဆယ့်တစ်လမ်းထိပ်ရှိ စားသောက်ဆိုင်တွင် စောင့်မျှော်လျက်ရှိသည်။

သူ၏ လုံးချင်းဝတ္ထုအသစ်အတွက် လက်ကျန်စာမူခပေးမည် ဟု ချိန်းထားသော် လည်း စန်းမွန်းအောင်က ထုတ်ဝေသူပါး၀ စွာ ရောက်မလာသေး။ စောင့်နေတာပင် နေစောင်းလုပြီ။ တိတိကျကျပြောရရင် ညနေလေးနာရီကိုပင် မိနစ်နှစ် ဆယ်စွန်းပြီမို့ အပုပ်ချိန်သို့ ရောက်နေလေပြီ။

သို့သော် ....

အိမ်ကမိန်းမက စာမူခရမည် ဟုသိသော ကြောင့် လမ်းစရိတ်ပဲ ထည့်ပေးလိုက်သဖြင့် ပဥ္စမံဒီရိုင်း ခမျာ ဘီယာသောက်ချင်သော် လည်း မသောက်ရဲသေး။ တော်ကြာရပ်တည်ဖြင့် မှာ ယူသောက်သုံးပြီးမှ မောင်မင်းကြီးသား စန်းမွန်အောင်ရောက်မလာလျှင် မဟာအရှက် ဖြန်းဖြန်းကွဲရပေလိမ့်မည် ။ မိမိလို နိုင်ငံကျော်စာရေး ဆရာက ထိုသို့လားလားမှ အ ဖြစ်မခံနိုင်ဟု ပဥ္စမံဒီရိုင်းတွေ းနေမိသည်။

ထိုစဉ် ....

ဂမ္ဘီရဝတ္ထုရေး သော ဒေဝစကြာရောက်လာသဖြင့် စကားပြောဖော်တော့ရသွားသည်။ သို့သော် ဒေဝစကြာကိုတော့ ဘီယာသောက်ရန် အဖော်ညှိလို့က မရပြန်ချေ။ သူ့ကိုဘီယာမပြောနှင့်။ ကွမ်းယာ၊ ဆေးလိပ်တောင်မသောက်ဘဲ ဗီဒီယိုတွေ သာကြည့်သော လူပျိုကြီး ဖြစ်သည်။ (ဤကား ကြော်ငြာ)

ယခု ဒေဝစကြာကလည်း သူ၏ ကလောင်ခွဲ ဒေဝလက်ျာအမည် ဖြင့် ထုတ်ဝေမည့် ‘အမှော င် ကြောက်သူ’ ဝတ္ထုအတွက် အိပ်မက်အသစ်စာပေမှ ထုတ်ဝေသူ ဝင်းလွင်ဦးထံ စာမူခလာယူခြင်း ဖြစ် သည်။ ဝင်းလွင်ဦးကလည်း အမြဲတမ်းလမ်းသလားနေသူပီပီ ‘on the street culture’ က ကြံဖန် ဂုဏ်ယူနေသေးသည်။

ထားတော့။ ယခုလောလောဆယ် ဆက်ပြောချင်တာ ကတော့ ဆိုင်၏ အနေအထား ဖြစ်သည်။ ရှင်းအောင်ထပ်ပြောရလျှင် ထိုဆိုင်သည် သုံးဆယ့်တစ်လမ်းထိပ်တွင် တည်ရှိပြီး ထုတ်ဝေသူ၊ စာရေး ဆရာနှင့် အရောင် းဆိုင်မှ လူများ အတွက် စားသောက်စကားပြောရန် အဆင်အပြေဆုံးဆိုင်တစ်ဆိုင် ဖြစ်သည်။

ခုလည်း အပုပ်ချိန်သို့ လုံးလုံးလျားလျားရောက်ရှိသွားချိန်မှာ တော့ ထိုဆိုင်ထဲသို့ ဆုံနေကျစာရေး ဆရာများ ဖြစ်သော တင်မြင့်ဦး၊ သရဝဏ်တို့အပြင် လူငယ်ခြေတက် စာရေး ဆရာများ ဖြစ်သော လူနေ၊ လင်းညို့ သွေး၊ သိုးဆောင်းနှင့် သည်ခေတ်နေတို့ပါ ရောက်ရှိလာကြလေပြီ။

လူစုံတော့လည်း ထုံးစံအတိုင်း ဘီယာချကြသည်ပေါ့လေ။ သောက်ရင်း စားရင်းပင် ပဥ္စမံဒီရိုင်း ဦးဆောင်ကာ ကျဆင်းနေသော စာအုပ်ဈေးကွက်အကြောင်းက အာပေါင်အာရင်းသန်သန်နှင့် သုံးသပ် ပြောဆိုနေစဉ်....

'ဆောရီး .... အစ်ကိုရေ၊ ပန်းရှက်ဝေမှာ ငွေစောင့်နေရလို့၊ သန့်ဇင်အောင်က ခုမှဘဏ်ကပြန် ရောက်တာမို့ နောက်ကျနေတာ'

ငွေစက္ကူတစ်ထပ်ကို လှမ်းပေးရင်း ပြောလာသူက ငါတို့စာပေမှ စန်းမွန်းအောင် ဖြစ်သည်။ ပြီး ဒင်းကပဲ စာရေး ဆရာအားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ ပဥ္စမံဒီရိုင်းအား ....

'ဆိုင်တွေ ကလည်း အရင်လို ငွေမမှန်ဘူး ဆရာ၊ အင်းလေ ... အရောင် းကလည်း ပါးတာကိုး၊ ဒါနဲ့အစ်ကို စာအုပ်တောင် စောင်ရေနည်းနည်း ကျသွားတယ်'

စာမူခလျှော့ပေးချင်လို့ ဒီစကားထွက်လာတာလားဟု ပဥ္စမံဒီရိုင်းတွေ းလိုက်မိသည်။

ထို့ကြောင့် ကြိုကာထားသော ဟန်ဖြင့် စကားကို ထိန်းပြောလိုက်၏ ။

'အေးလေ ... စာရေး ဆရာတိုင်း အနည်းနဲ့အများ စောင်ရေကျတဲ့ကာလကိုး၊ စောင်ရေကျလို့ မင်းသိပ်မကိုက်ဘူးဆိုရင်လည်း စက္ကူကို ကွာလတီနည်းနည်း လျှော့လိုက်လေ'

ဒါသည်ပင် စာမူခတော့ လုံးဝလျှော့မယူနိုင်ဘူးဟု သွယ်ဝိုက်၍ အသိပေးလိုက် ခြင်း ဖြစ်သည်။ ထိုနည်းကိုလည်း သူ့အသိ စာရေး ဆရာ ဝေမှုး သွင်ထံမှ ရထားခြင်း ဖြစ်၏ ။

ထိုအချိန်မှာ ပဲ အိပ်မက်အသစ်စာပေမှ ဝင်းလွင်ဦးသည် လက်ကားယား

ခြေကားယားဖြင့် ရောက်လာပြန်သည်။ သူကလည်း ရိုးရာမပျက် စီးကရက်ဘူးကို စားပွဲပေါ် အရင်ပစ်ချလိုက်ပြီးမှ ငွေရေး ကြေးရေး ကို သိပ်ဂရုမစိုက်သော ဟန်လုပ်ကာ ဒေဝစကြာအား စာမူခပေးပြန်သည်။

ဂျမ်ဳရဲ၊ သရဲဝတ္ထုရေး သော ဒေဝစကြာသည် 'အမှော င်ကြောက်သူ' ဝတ္ထု အတွက် စာမူခရသည် နှင့်တစ်ပြိုင်နက် ထိုင်နေရာမှထကာ မမှော င်ခင် ပြန်တော့မယ်ကွာဆိုပြီး ပြန်သွားလေသည်။

ဝင်းလွင်ဦးကပဲ ....

'ဆိုင်တွေ နဲ့တော့ ဂျွတ်(စ်)ကိုက်တော့မယ်ကွာ၊ ဒီနေ့သတိုးတေဇဖြန့်တာ တစ်ဝက်ပဲရတယ်'

ဝင်းလွင်ဦးကလည်း အလာကြီးပင်။ ညည်းသလိုလိုနှင့် သူ့စာအုပ်တိုက်က နာမည် ကြီးစာရေး ဆရာ၏ စာအုပ်ထွက်ကြောင်း မသိမသာကြွားလိုက်ခြင်း ဖြစ်၏ ။ ထိုစကားကြောင့် စန်းမွန်အောင်က မသိမသာ မျက်နှာမဲ့လိုက်သည်။ ပြောရလျှင် သူ့စာအုပ်တိုက်ကလည်း မင်းလူလို နာမည် ကြီးစာရေး ဆရာ၏ ဝတ္ထုတွေ မကြာခဏထွက်သည်ပဲ။ ဒီကောင့်လိုတော့ လူကအမြင်ကတ်အောင် ကြွားမနေဘူး ဟု တွေ းကာငြိမ်နေလိုက်၏ ။

သိပ်မကြာလိုက်ချေ။ ကြယ်ပွင့်စာပေတိုက်မှ ထုတ်ဝေသူ သန့်ဇင်ထွန်းသည် ချွေးတလုံးလုံးနှင့် ရောက်ချလာပြန်သည်။ ဖြစ်ပုံက သူကိုယ်တိုင် ဟိုဘက်လမ်း ဒီဘက်လမ်းပြေး၍ ပိုက်ဆံလိုက်ကောက် နေရခြင်းကြောင့် ဖြစ်၏ ။

သန့်ဇင်ထွန်း၏ ပုံစံကိုကြည့်ကာ ဝင်းလွင်ဦးက ...

'ကိုတရုတ်ကြီးကလည်း ပင်ပန်းလိုက်တာဗျာ၊ ငွေလိုက်သိမ်းဖို့ ဝန်ထမ်း တစ်ယောက် လောက် ခန့်ထားလိုက်ရင် ပြီးရောဗျာ'

သန့်ဇင်ထွန်း မျက်နှာကြီးကရှုံ့မဲ့သွား၏ ။ အမှန်တော့ ဝင်းလွင်ဦးက

အကြံပေးသလိုလိုနှင့် သူ ကပ်စေးနဲခြင်းကို စောင်းပြောလိုက်ခြင်း ဖြစ်သည်။ သန့်ဇင်ထွန်းကလည်း ကိုယ့်ကိုယ်ကိုယ် မသိသည် မဟုတ်။ ဟုတ်နေသည်မို့ အောင့်အည်းသည်းခံလိုက်ရခြင်း ဖြစ်သည်။ ပြောရလျှင် ဝင်းလွင်ဦးဆီမှာ က ပစ်ကြီးဆိုသော ငနဲနှင့် ရီရီခိုင်ဆိုသော ဝန်ထမ်းနှစ် ယောက် တောင်ရှိသည်မဟုတ်လား။

ပြီး ခဏနေလျှင်ပင် ဝင်းလွင်ဦး၊ စန်းမွန်အောင်နှင့်သန့်ဇင်ထွန်းတို့သည် စာရေး ဆရာတွေ ရှိနေ သည့်ကိုပင် ဂရုမစိုက်နိုင်အားဘဲ သူတို့နှင့် အရောင်းဆိုင်တွေ ၏ ဆက်ဆံရေး ကို ဆွေးနွေးတိုင်ပင်ကြ တော့သည်။

အကြောင်းအရာတွေ ကတော့ အထက်က တင်ပြသလိုပါပဲ။

နားမစွင့်သော် လည်း ကြားနေရသည်မို့ ပဉ္စမံဒီရိုင်းနှင့် ရောက်နေကြသော စာရေး ဆရာတချို့ မှာ ဘီယာမမူးဘဲ နားပူလာကြသည်။

တကယ်ပဲ စာအုပ်တန်းမှာ ဒီလို ဖြစ်နေပြီလား။ ထိုသို့ဆိုလျှင် ထုတ်ဝေသူတွေ နဲ့ အရောင်းဆိုင် တွေ အတွက် ပြဿ နာကရှိနေပေပြီ။

ဆက်စဉ်းစားလိုက်တော့ သူတို့တွေ သာ အဆင်မပြေလျှင် ကိုယ်တွေ စာအုပ်ပါ ရောင်းအားထပ် ကျလာနိုင်သည်ဟု အားလုံးပဲတွေ းမိလိုက်ကြ၏ ။

သို့နှင့် ....

စာရေး ဆရာအားလုံးပင် စာအုပ်တန်းကိစ္စ ငါတို့ဖြေရှင်းမှ ရတော့မည် ဟု (မတန်မရာ) တွေ းမိ လိုက်ကြသည်။

ထိုအတွေ းနှင့်အတူ တစ်ယောက် မျက်နှာ တစ်ယောက် လည်း ကြည့်လိုက်မိကြ၏ ။

(၄)

ထိုအတွေ းနှင့်အတူ တစ်ယောက် မျက်နှာ တစ်ယောက် လည်း ကြည့်လိုက်မိကြ၏ ။

ပဥ္စမံဒီရိုင်းက အရင် ....

'သေသေချာချာစဥ်းစားကြည့်တော့လည်း စာအုပ်အရောင် းကျတာဟာ ထုတ်ဝေသူနဲ့ အရောင် းဆိုင်အချင်းချင်း အဆင်မပြေလို့ဆိုပြီး ပြောလို့တော့ မရသေးဘူးကွ'

'ဟာ .... ဒါဆို ခင်ဗျား ဆိုလိုချင်တာက ကျုပ်တို့က အရေး အသားတွေ က မကောင်းတော့ဘူး လို့ ပြောချင်တာလား'

သရဝဏ်က မျက်နှာထားတင်းတင်းနှင့် ချက်ချင်း ခွန်းတုံ့ပြန်လိုက်ခြင်း ဖြစ်၏ ။ ဗလမရှိသော် လည်း ဇရှိသော သရဝဏ်ကိုကြည့်ကာ ပဥ္စမံဒီရိုင်း မျက်နှာတစ်ချက်အမ်းသွားသည်။

ပြီးမှ မျက်နှာချိုသွေး၍ ....

'အဲလိုတော့လည်း မဟုတ်သေးဘူးလေ၊ စာရေး ဆရာတွေ ကတော့ တစ်အုပ်ထက်တစ်အုပ် ကောင်းအောင်ရေး နေကြတာပဲ၊ ပြောချင်တာ ကတော့ဗျာ၊ ဒီခေတ်မှာ က သိတဲ့အတိုင်းပဲလေ၊ လူငယ် တွေ က သိပ်စာမဖတ်တော့ဘူးဗျ၊ သိတဲ့အတိုင်း တခြားဖျော်ဖြေရေး ကဏ္ဍတွေ ကလည်း များ လာတာ ကိုး။ တကယ်တော့ စာပေဆိုတာ .... '

ကြီးကြီးကျယ်ကျယ်ပြောရန် ပဥ္စမံဒီရိုင်းအားယူကာ စကားအစမှီလိုက်စဥ်မှာ ပဲ ခေါင်းခါနေ သော လင်းညို့ သွေးကြောင့် မျက်နှာတင်းခန့် ဖြစ်သွားကာ ....

'လင်းညို့ သွေး ... မင်းက ဘာ ဖြစ်လို့ ခေါင်းခါနေရတာ လဲ'

'အင် ....'

ရုတ်တရက်မေးခံလိုက်ရသဖြင့် လင်းညို့ သွေး အူကြောင်ကြောင် ဖြစ်သွားရသည်။ တကယ် တော့ ပဥ္စမံဒီရိုင်းဘာတွေ ပြောမှန်းလဲ သူမသိချေ။ အမြည် းတွေ လိမ့်စားရင်းက သူ့လုံးချင်းဝတ္ထုအပြီး မသတ်နိုင်သေးသည်ကို တွေ းမိလိုက်သဖြင့် ကိုယ်ကို ကိုယ်ခေါင်းခါလိုက်ခြင်းသာ ဖြစ်သည်။ ခုတော့ ပဥ္စမံဒီရိုင်းက အထင်လွဲလေပြီ။

ထို့ကြောင့် ခေါင်းလေးတခါခါလုပ်ကာ မျက်မှန်အထက်မှ ကျော်ကြည့်လိုက်ရင်း

....

‘ဟာဗျာ .... ကိုကြီးပြောတာကို ခေါင်းခါတာမဟုတ်ပါဘူး’

‘ဘာကွ ... ဒါဆို ဘာကိုခါတာလဲ’

လင်းညို့ သွေး အကျပ်ရိုက်သွား၏ ။ စာရေး ဆရာတွေ ရှေ့မှာ မို့ ရေး လက်စဝတ္ထုတစ်နေ ကြောင်းလည်း ထုတ်မပြောချင်ချေ။

ထို့ကြောင့် ဉာဏ်နီဉာဏ်နက်ကို ဝက်ခြံကဲ့သို့ ညှစ်ထုတ်လိုက်ရင်း ...

‘ခေါင်းခါတယ်ဆိုတာက ဟဲ ... ခုတလော ညကြီးအချိန်မတော် မှ ကောင်မလေးတွေ ဖုန်းဆက် ဆက်လာကြတာကို တွေ းမိလိုက်လို့ပါ’

ဖုန်းဟူသော စကားသံက ပဥ္စမံဒီရိုင်းကို မြီးညှောင့်ရိုးတွန့်သွားစေသည်။ ပြောရလျှင် ထိုဖုန်းအ ကြောင်း မကြားချင်။ မကြာသေးခင်က စာမူခနှင့် ဝယ်ထားသော ငါးသိန်းတန်ဖုန်းလေးကား ဘောလုံး ပွဲဒိုင်သို့ အကြွေးနှင့်ထိုးပေးလိုက် ရသည် မဟုတ်ပါလား။

ပဥ္စမံဒီရိုင်းထိုသို့ နာကြည်းစွာ တွေ းလိုက်မိသော် လည်း သိုးဆောင်း ကတော့ လူငယ်ပီပီ မခံချင် သော စိတ်ဖြင့် ....

‘ကောင်မလေးတွေ ကတော့ ဒီအတိုင်းပါပဲဗျာ ... ကျွန်တော် ဆိုရင် ဖုန်းတောင်ပိတ်ထားရတယ်’

သူ့မှာ လည်း ထိုသို့ ဖုန်းကိစ္စတွေ ရှိကြောင်း သိုးဆောင်းက မသိမသာ ကပ်ကြွားလိုက်ခြင်း ဖြစ် ၏ ။

ထိုအချိန်မှာ ပဲ ငြိမ်နေသော သည်ခေတ်နေက တစ်စခန်းထလာပြန်သည်။ ကပ်လျက်ထိုင်နေ သော သိုးဆောင်းကို ဘုရှုံ့ရှုံ့လိုက်ပြီးမှ ...

‘မင်း ကတော့ ဖုန်းပိတ်တာ လွန်ပါတယ်ကွာ၊ အဲဒီ လောက်ပိတ်ချင်ရင် အစကတည်းကမှ ဝယ်မ ကိုင်ပါနဲ့လား’

'ဘာကွ ....'

သိုးဆောင်းအနည်းငယ်တင်းသွားပုံရသည်။ အနေအထားကို ရိပ်စားမိလိုက်သော လူနေက ဆရာကြီးအထာဖြင့် ....

'ကဲပါကွာ... တော်ကြာတော့စကားတွေ က ဘေးချော်ကုန်ပြီ၊ ခုလောလောဆယ် စာအုပ်တန်းနဲ့ ပတ်သက်တဲ့ကိစ္စကို ဆွေးနွေးနေတာမဟုတ်လား၊ ကဲ .... ကိုတင်မြင့်ဦးကလည်းပြောပါဦး၊ ဘယ်လို သုံးသပ်လဲဆိုတာကို ....'

ရုတ်တရက်မေးခံလိုက်ရသဖြင့် ဘီယာတွေ ချည်းလိုမ့်တီးနေသော တင်မြင့်ဦးနင်သွားရသည်။ တကယ်တမ်းမှာ စာအုပ်တန်းပြဿ နာကို သူလည်းဘာမှစဉ်းစားထားခြင်းမရှိ။ သူသည်ပင် စာရေး တာ အခြေနေမကောင်း၍ ဇာတိဖြစ်သော ကမ်းခြေသို့ ပြန်ကာငါးဖမ်းရင် ကောင်းမလားဟု စဉ်းစားနေတာ ကြာပြီ။

သို့ သော် လည်း အမေးရှိလာသဖြင့် လက်လှမ်းမီသလောက်စဉ်းစားကာ ဖြေလိုက်ပါသည်။

'အင်း ... အဲ .... ဟိုတစ်လောက ကျင်းပသွားတဲ့ စာပေငွေပေါ်အရင်းပြု တ်ဈေးပွဲတော် ကြီးက တော့ ကိုမင်းလူရဲ့ အိုင်ဒီယာလို့ ကြားတာပဲ၊ ခုလည်း ကျွန်တော် အမြင်ပြောရရင် လောလောဆယ် ထုတ်ဝေသူတွေ နဲ့ အရောင် းဆိုင်တွေ ချစ်ကြည်ရေး ရဖို့ လိုတယ်ဗျ'

'ချစ်ကြည်ရေး ... ဟုတ်လား'

ထိုစကားကြောင့် အားလုံးပဲ ကိုယ်စီစဉ်းစားမိကာ ငြိမ်သက်သွားကြသည်။

ဟုတ်သည်ပဲ။ ခုတလော သိပ်မကျေလည်ကြသော ထုတ်ဝေသူတွေ နှင့် အရောင် းဆိုင်တို့၏ ချစ်ကြည်ရေး ။

ထိုချစ်ကြည်ရေး ကို ဘယ်လိုအကောင်ထည်ဖော်ကြမလဲ။

ထိုမေးခွန်းနှင့်အတူ နဂိုကတည်းမှ ဉာဏ်မတိမ်ကြသော စာရေး ဆရာတွေ

ခေါင်းချင်းဆိုင်သွား ကြသည်။

သိပ်မကြာလိုက်။ အဖြေတစ်ခုကလည်း ကျေနပ်ဖွယ်ကောင်းလောက်အောင် ထွက်ပေါ်လာပါ သည်။

ထိုသည် ကတော့ ...

စာအုပ်တန်း ချစ်ကြည်ရေး ဘောလုံးပွဲကြီးတဲ့။

(၅)

စာအုပ်တန်း ချစ်ကြည်ရေး ဘောလုံးပွဲကြီးတဲ့။

မည် သို့မည် ပုံစီစဉ်ကာ သွေးထိုးမြှော က်ပင့်လိုက်ကြသည်မသိ။ ထုတ်ဝေသူများ နှင့် စာအုပ် အရောင် းဆိုင်တို့၏ ချစ်ကြည်ရေး ဘောလုံးပွဲကြီးကား မကြာမီ ကျင်းပပေတော့မည် ။

ထုတ်ဝေသူများ ဘက်မှ လူငယ်လည်း ဖြစ်၊ ဘောလုံးလည်း မတောက်တခေါက်ကန်တတ်သော ငါတို့စာပေမှ စန်းမွန်အောင် ဦးဆောင်နေသလို အရောင် းဆိုင်တွေ ဘက်ကလည်း ဘောလုံးကမျောက် ကခြောက်ကန်တတ်သည့် ပန်းရွက်ဝေစာပေမှ သန့်ဇင်အောင်က ဦးဆောင်နေပါသည်။

သူတို့နှစ် ယောက် သည် လူငယ်များ ပီပီ ကိုယ့်ဘက်မှလူများ အား အသီးသီးဖြားယောင်းသိမ်း သွင်းနေကြသည်။

ပထမတော့ ထုတ်ဝေသူတွေ ဘက်မှ လူငယ်ခြေတက်မဟုတ်သော် ငြား လူကြီးခြေမကျထုတ် ဝေသူတွေ ဖြစ်သော ဦးစိုး၊ ဦးကျင်ဝမ်၊ ဦးအောင်စိုး၊ ဦးကိုမြင့်၊ ဦးသိန်းဇော်စသော လူကြီးတွေ က အင်တင်တင်။ ဘောလုံးကန်တယ်ဆိုတာ ပင်ပန်းသည်ဟုဆို၍ ကာရာအိုကေသီချင်းဆိုပြိုင်ပွဲ လုပ်ပါ လားဟု အဆိုတင်သွင်းသွားကြသေးသည်။ အကြောင်းကလည်း ရှင်းပါသည်။ ဒင်းတို့ကိုယ်နှိုက်က ‘မိုက်ခဲ’ကြီးတွေ မဟုတ်ပါလား။

သို့သော် ....

လူငယ်ထုတ်ဝေသူတွေ ဖြစ်သော ဝင်းလွင်ဦး၊ သားသားနှင့် သန့်ဇင်ထွန်းတို့ကလည်း အပြင်း အထန်ကန့်ကွက်ကြ၍ ။ ပြီးသူတို့ကိုယ်တိုင် ဝင်ကန်မည် ဟုဆိုသဖြင့် အဘိုးကြီးတွေ မပြောသာတော့။ ဘောလုံးကိုတော့ ကိုယ်တိုင်ဝင်မကန်ဘဲ နောက်ကပဲ ပံ့ပိုးပေးမည် ဟု ပြောကာလက်လျှော့လိုက်ကြ သည်။ ထို့ကြောင့် ထုတ်ဝေသူတွေ ဘက်မှ အသင်းခေါင်းဆောင် စန်းမွန်အောင်မှာ စိတ်အေးသွားရ၏ ။ တခြားကစားသမားတွေ အတွက်လည်း တခြားလူငယ်ထုတ်ဝေသူတွေ နှင့် သူတို့၏ ဝန်ထမ်းတွေ ရှိသေး သည်မဟုတ်ပါလား။ ထိုသူတွေ ကလည်း အရောင် းဆိုင်တွေ ထံမှာ အအော်အငေါက်ခံထားရ၍ ရေကုန် ရေခန်းကန်ပေးမည် ဟုဆိုသည်။ ဒီလောက်ဆိုလျှင် ကပ္ပတိန်စန်းမွန်အောင် စိတ်အေးရပြီ။

အရောင် းဆိုင်တွေ ဘက်ကိုလည်း ကြည့်လိုက်ဦး။

အသင်းခေါင်းဆောင် သန့်ဇင်အောင်မှာ သိပ်မစည်းရုံးလိုက်ရချေ။ နဂိုကတည်းကမှ ထင်ပေါ် ကျော်ကြားလိုသူ ကိုနေစေးနှင့်တကွ တခြားလူများ ဖြစ်သော ကိုစောဦး၊ ကိုဖိုးတုတ်၊ ကိုဖိုးဇော်နှင့် ကိုလတ်စာပေ စသော အရောင် းဆိုင်တွေ က ပါလာကြသည်။

ကျော်သိန်းစာပေကိုတော့ ဆွယ်၍ မရ။ သူတို့က မမချောတွေ ဖြစ်သည်။ ဒါတောင် သူတို့၏ ဝန်ထမ်းကောင်မလေးတွေ ကို ကန်ခိုင်းမည် ဟု ဆို၏ ။ ဘောလုံးပွဲမှာ လည်း စီပလပ်တိုက်မည် ဟု ပြော လိုက်သေးသည်။

မည် သို့ပင် ဖြစ်စေ ....

ဘောလုံးပွဲ ကတော့ ဖြစ်ပြီ။ ကန်မည့် ကွင်းကလည်း ပြဿ နာမရှိ။ အားလပ်နေသည့် ကွင်းတစ် ကွင်းမှာ ကန်ရုံသာ။

သို့ သော် ....

ကတ်သီးကတ်သတ် ဖြစ်လာသည်က အကျီ(ယူနီဖောင်း)ကိစ္စ။

(၆)

ကတ်သီးကတ်သတ် ဖြစ်လာသည်က အကျီ(ယူနီဖောင်း)ကိစ။

ထုတ်ဝေသူတွေ ဘက်မှ အသင်းခေါင်းဆောင်စန်းမွန်အောင်သည် ချယ်ဆီးအသင်းစွဲ ဖြစ်သည်။ ထို့အတူ အရောင် းဆိုင်ဘက်မှ သန့်ဇင်အောင်ကလည်း ချယ်ဆီးခရေဇီ။ အဲဒီ မှာ တင် ချယ်ဆီးယူနီ ဖောင်းကို သူ့အသင်းဝတ်မယ်၊ ငါ့အသင်းဝတ်မယ်ဆိုပြီး လုပ်သေးတယ်။

သို့သော် တော် ပါသေး၏ ။

နှစ် ဖက်မှ အသင်းသားတွေ သည် အသင်းခွဲကိုယ်စီရှိပြီးသား ဖြစ်သည်။ ဥပမာ ထုတ်ဝေသူတွေ ဘက်မှ ဝင်းလွင်ဦးသည် အာစင်နယ်ဖန်ကလပ် ဖြစ်သလို အရောင် းဆိုင်ဘက်မှ ကိုနေစေးကလည်း မန်ယူမှမန်ယူ။ သူတို့အနေဖြင့် ချယ်ဆီးယူနီဖောင်းကို လုံးဝမဝတ်ချင်ကြချေ။ ထို့ကြောင့် ကန့်ကွက် ကြသည်။

သို့နှင့် ....

နောက်ဆုံးမှာ တော့ ဘယ်လိုမှညှိမရသည့်အဆုံး ရှေးမြန်မာနည်း ဖြစ်သော အကျီဝတ်နှင့် အကျီချွတ်ကန်ကြမည် ဟု အပေးအယူတည့်သွားကြ၏ ။

သို့ သော် ပြဿ နာသေးသေးလေးက ထပ်ရှိလာပြန်သည်။ ဘယ်အသင်းက အကျီဝတ်ပြီး ဘယ်အသင်းက အကျီချွတ်ကာ ကန်ကြမည် နည်း။

ထိုကိစ္စကိုတော့ အသင်းခေါင်းဆောင်၍ နှစ် ယောက် ဖြစ်သော စန်းမွန်အောင်နှင့် သန့်ဇင် အောင်ထံ ခေါင်းကျလာသည်။

စန်းမွန်အောင်သည် မိန်းမရပြီးချိန်ကပဲ ဗိုက်ကရွှဲလာသဖြင့် အကျီချွတ်ကာ မကန်လိုပေ။ ထို့အ တူ သန့်ဇင်အောင်ကလည်း ပိုက်ဆံအကုန်အကျခံကာ တက်တူးထိုးထားသည့် ငါးကြင်းရုပ်ကြီးအား ကြွင်းချင်နေသည်။ သူအကျီချွတ်ကန်မှ

ထိုငါးကြင်းရပ်ကို ပြသခွင့်ရမည် မဟုတ်ပါလား။

သို့နှင့် ထိုပြသ နာ ကတော့ အကျယ်အကျယ်မ ဖြစ်ဘဲ ဈေးတည့်သွားကြသည်။

ထုတ်ဝေသူတွေ ဘက်မှ အကျိုးတက်ကန်မည် ဖြစ်ပြီး အရောင်းဆိုင်တွေ ဘက် ကတော့ အကျိုးမပါ ကျောဗလာ။

ခုတော့ ဘောလုံးကွင်းလည်းရပြီ။ ယူနီဖောင်းကိစ္စလည်းပြတ်ပြီ။

တစ်ခုလိုလာသည်က ဒိုင်လူကြီး ဖြစ်၏။ သို့သော် ထိုကိစ္စကလည်း ဖုန်းဆက်အကူအညီတောင်း ရာမှ ပြေလည်သွားသည်။

ကွင်းလယ်ဒိုင်အ ဖြစ် ကိုသျှိုသူအောင်က ဆောင်ရွက်ပေးမည် ဖြစ်ပြီး စည်းကျပ်ဒိုင်တွေ ကတော့ ကဗျာဆရာတွေ ဖြစ်သော မန်ထက်သာနှင့်တိုးနှောင်မိုး။

အားလုံး ကတော့ ပြည့်စုံနေလေပြီ။ ကဲ.... ဘောလုံးပွဲအစီအစဉ်အား တိုက်ရိုက်ကြေညာပေး မည့် သူ ကတော့ စာပေပွဲပေါင်းများ စွာ မှာ အခမ်းအနားမှူး လုပ်ခဲ့ဖူးသော ပဥ္စမံဒီရိုင်းပင် ဖြစ်လေသည်။

သို့နှင့် .....

(၇)

သို့နှင့်.....

စာအုပ်တန်းချစ်ကြည်ရေး ဘောလုံးပွဲကြီးသည် မြန်မာလိဂ်နောက်ဆုံးဗိုလ်လုပွဲနှင့်မခြား လူစည် ကားလှ၏။

ပို၍ အံ့သြစရာကောင်းသည်မှာ မန္တလေးမှ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် ညို စာပေတို့ကလည်း ရန်ကုန်အထိဆင်းကာ အရောင်းဆိုင်တွေ ဘက်မှ လာအားပေးကြခြင်းပင်။

ပွဲစီစဉ်သူတွေ ကလည်း လက်ရှိနာမည် ကြီးစာရေး ဆရာ၊ ဆရာမ တွေ ကိုယ်တိုင် လာရောက်ကာ လက်မှတ်ရောင်းပေးမည် ဟု ကြေညာထားသဖြင့် စာဖတ်ပရိသတ်တွေ အများ အပြားလာရောက် ကြည့်ရှုကြသည်။

ဘောလုံးပွဲလက်မှတ်ကြေး ကတော့ မြန်မာလိဂ်ပွဲစဉ်တွေ နှင့် တစ်တန်းတည်း။

ဘောလုံးပွဲမစခင် ငါးမိနစ်လောက်အလိုမှာ တော့ ထုံးစံအတိုင်း တဂွီဂွီ တဂွမ်ဂွမ်နှင့် လော်စပီ ကာအသံက အရင်ထွက်လာလေသည်။

'ဟုတ်ကဲ့ .... အမ်အာတီဗီဖိုး အားကစားဝါသနာရှင်ပရိသတ်များ ခင်ဗျာ၊ စူပါဆန်းဒေးရဲ့ နောက်ဆုံးပွဲစဉ်တစ်ပွဲ ဖြစ်တဲ့ ... အဲ ....'

ဘေးမှခါးလာတို့သဖြင့် ပဉ္စမံဒီရိုင်းစကားသံရပ်သွားသည်။ ပြီးမှမိမိသည် MRTV 4 မှ ဝေမင်း မောင်မဟုတ်။ ကန်မည့် ပွဲစဉ်ကလည်း အင်္ဂလန်ပရီးမီးယားလိဂ်မဟုတ်ဟု သဘောပေါက်သွားကာ ....

'ဟုတ်ကဲ့ ... မကြာခင်မှာ ပဲ စာအုပ်တန်းချစ်ကြည်ရေး ဘောလုံးပွဲကြီး ကတော့ စတင်တော့မှာ ဖြစ်ပါတယ်။ ကွင်းထဲမှာ နေရာယူထားသူတွေ ကတော့ အကျီဝတ်ထားတာထုတ်ဝေသူ အက်ဖ်စီ ဖြစ်ပြီး အကျီမပါကျောဗလာ ကတော့ အရောင်းဆိုင်အက်ဖ်စီပဲ ဖြစ်ပါတယ်။ ကြေး ကတော့ ဘယ်လောက် ပေါက်သလဲဆိုရင် တစ်လုံးဆယ်ပြား အဲ .... မန်ယူပွဲနဲ့ရောသွားလို့ပါ ခင်ဗျ။ ခုပွဲ ကတော့ ပရိသတ်ကြီး ကို တင်ပြခဲ့သလို ချစ်ကြည်ရေး ပွဲ ဖြစ်တာမို့ တစ်ဖက်နဲ့တစ်ဖက် ချစ်ကြည်ရင်းနှီးစွာ အရိုးကျေကျေ၊ အရေခန်းခန်း၊ ပဝါမကူ ရေမရှူဘဲ ကစားကြတော့မှာ ဖြစ်ပါတယ်။ ဟုတ်ကဲ့ ... ကျွန်တော် ပဉ္စမံဒီရိုင်း ပါ'

ဘာမှလည်း မဆိုင်ချေ၊ လက်ခုပ်သံတော့ ခပ်ဖျောက်ဖျောက်ကြားလိုက်ရ၏ ။

ကွင်းထဲမှာ လည်း နှစ် ဖက်အသင်းသားများ က ဒိုင်သူကြီးတွေ ကို ခြံရံကာပရိသတ်ကို အလေးပြုကြသည်။

ပြီးအစိုအခြောက်လုန်ကာ ဘောလုံးကွင်းရေး ကြသည်။ ထုတ်ဝေသူတွေ ဘက်က တောင်ဘက် အခြမ်း၊ အရောင် းဆိုင်တွေ ကတော့ မြောက်ဘက်။

အသင်းခေါင်းဆောင် နှစ် ယောက် ဖြစ်သော စန်းမွန်အောင်နှင့် သန့်ဇင်အောင်တို့သည် ချစ် ကြည်ရေး အ ဖြစ် မိမိတို့နှစ်သက် ရာတိုက်ကျစာအုပ်နှစ် အုပ်ကို လဲလှယ်ကြသည်။

ထိုသို့ ဖြင့် ဘောလုံးပွဲ ကတော့ စလေပြီ။

(၈)

ထိုသို့ ဖြင့် ဘောလုံးပွဲ ကတော့ စလေပြီ။

ဝီစီမှု တ်လိုက်သည်နှင့်တစ်ပြိုင်နက် စန်းမွန်အောင်သည် သားသားကို ဖတ်ခနဲဘောလုံးပေး လိုက်၏ ။ သားသားမှာ ဘာလုပ်ရမှန်းမသိသဖြင့် စန်းမွန်အောင်ထံ ပြန်ပေးလိုက် သည်။

သို့ သော် ....

စန်းမွန်အောင်ဆီသို့ ဘောလုံးပြန်မရောက်ခင်မှာ ပဲ အရောင် းဆိုင်ဘောသမားကိုနေစေးသည် မန်ယူကွက်ဖြင့် ဘောလုံးကို ကြားဖြတ်ဆွဲယူသွားသည်။ လွတ်လွတ်ကျွတ်ကျွတ်ပါပဲ။

တောက်လျှောက်ဆွဲယူသွားသော် လည်း ကိုနေစေးနောက်သို့ဖျက်ရန် ဘယ်သူမှမလိုက်ချေ။ ဘောလုံးဆွဲပြေးရင်း မောလာသဖြင့် ကိုနေစေးက ဘောလုံးကို ကန်မိကန်ရာ ကျုံးကန်ထည့်လိုက် သည်။

ကြက်ကန်းက ဆန်အိုးတိုးသည်ဟုပဲ ပြောရမည် လားမသိ။ ထုတ်ဝေသူ ဂိုးနား၌ မယောင် မလည်ရောက်နေသော သန့်ဇင်အောင်ရှေ့သို့ ဖတ်ခနဲကျသွားသည်။

သန့်ဇင်အောင်က အပိုင်ပဲဟု ကျုံးကာဂိုးသွင်းစဥ်မှာ ပဲ ဝီစီမှု တ်သံကြားလိုက်ရ၏ ။ လူကျွံဘော။

ထိုလူကျွံဘောကို ထုတ်ဝေသူဂိုးသမားက ကန်တင်လိုက်ပြန်သည်။ သို့သော် ဘောလုံးက လိုရာမရောက်ဘဲ ချော်ထွက်ကာ သန့်ဇင်အောင်ရှေ့သို့ပင် ပြန်ကျသွား၏ ။

ဒီတစ်ခါတော့ သန့်ဇင်အောင်သည် ချက်ချင်း မကန်သေးဘဲ ဒိုင်သူကြီးကို တစ်ချက်ကြည့်လိုက် ပြီးမှ စိတ်ချရသော အသွင်ဖြင့် ဂိုးထပ်သွင်းလိုက်သည်။

ဘောလုံးက အရှိန်ပြင်းစွာ ဝင်လာသဖြင့် ထုတ်ဝေသူဂိုးသမားသည် မဖမ်းရဲဘဲ အသာရှောင် ပေးလိုက် သည်။

ထိုစဥ်မှာ ပဲ ဂိုးဟူသော အသံတွေ ကို ကြားလိုက်ရလေ၏ ။

အရောင် းဆိုင်တွေ ဘက်မှ တစ်ဂိုးသာသွားလေပြီ။
ထုတ်ဝေသူအသင်းခေါင်းဆောင် ဖြစ်သော စန်းမွန်အောင်သည် မိမိဘက်မှ
အားကစားသမားများ ကို ဆူပူကြိမ်းမောင်းကာ မနိုင်လျှင် လူချရန်
အားကစားစိတ်ဓာတ်အပြည့်ဖြင့် မှာ ကြားထားလိုက်၏ ။

ထို့ကြောင့် ပွဲက ကြမ်းလာလေသည်။ တစ်ကြိမ်အရောင် းဆိုင်ဘက်မှ ကိုဖိုးတုတ်သည် ဘောလုံးကိုဆွဲလာရာ ထုတ်ဝေသူက အသင်းသားဝင်းလွင်ဦးက ဘလိုင်းကြီးခြေသလုံးကို ဖြတ်ကန် လိုက်၏ ။ ကိုဖိုးတုတ်ကား အတုံးအရုံး။ ချက်ချင်း ဆိုသလို ဝီစီသံနှင့်အတူ ဝင်းလွင်ဦးသည် အဝါကတ် ထိသွား၏ ။

ထို့နောက်မှာ တော့ ကိုနေစေးသည် ဆင်းလာကာအတင်းဝင် အတင်းတက် အတင်းဖျက်ကစား ရင်း သန့်ဇင်ထွန်းကို နောက်မှနေ၍ တီးထည့်လိုက်သည်။
ကိုနေစေးသည်လည်း အဝါကတ်။ သန့်ဇင် ထွန်းမှာ တော့ ထမ်းစင်နှင့်ထုတ်သွားရသည်။

ထိုပြစ်ဒဏ်ဘောမှတစ်ဆင့် ဖရီးကစ်ကို ဝင်းလွင်ဦးကန်ရာ
ကံကောင်းထောက်မစွာ ဂိုးဝင်သွား လေသည်။

ထိုအချိန်ထိ ရလဒ်က တစ်ဖက်တစ်ဂိုး။ နှစ် ဖက်အသင်းသားတွေ ကတော့ တင်းမာလာကြချေပြီ။

မရှေးမနှောင်းမှာ တော့ အားကစားစိတ်ဓာတ်အပြည့်အဝရှိသော ပရိသတ်ထံမှ စစ်မှန်သော အားပေးသံတွေ လျှံလာကြတော့၏ ။

'နေစေးတဲ့ကွ .... ဒီပွဲကို အဖြေပေးမယ့်လူနော်'

ထိုသို့ အရောင် းဆိုင်ပရိသတ်ကြီးမှအော်လျှင် ထုတ်ဝေသူတွေ ဘက်ကလည်း အားကျမခံ။

'စန်းမွန်အောင်ကွ....ကမ်းလွန်အောင် ကန်မယ့်ကောင်နော်၊ ဒီပွဲမှမနိုင်ရင် သူ့မိန်းမ သီရိကို တိုက်ကျစေးနဲ့ အဲ.... စာအုပ်တွေ ကို တိုက်ကျစေးနဲ့ ပေးလိုက် မယ်'

'ဖိုးတုတ် .... ဖိုးတုတ် .... ဖိုးတုတ် ....'

'အာစင်နယ် ... အောက်ဆွဲ အဲ ... ဝင်းလွင်ဦးကွ'

'ငါးကြင်းသန့်ဇင်အောင် .... ငါးကြင်းသန့်ဇင်အောင်'

ထိုသို့ပိုးစိုးပက်စက် အားပေးကြသော အသံတွေ က နှစ် ဖက်အသင်း၏ မီးစကို ဓာတ်ဆီလောင်း ပေးလိုက် သလိုပင်။

ပထမပိုင်း မပြီးခင်မှာ ပဲ ....

'ခွပ် ....'

'အား ...'

'ဟော့ကောင် ... မညစ်နဲ့'

'ဖြောင်း ....'

'ဘုတ် ....'

'အင့် ....'

'အား ... ကျိုးပြီ'

'ပြန်ချ .... ပြန်ချ'

စသော ပီယဝါစာအသံတွေ က ကွင်းထဲမှာ စည်ဝေသွားရပြီ။

'ရှီ ....'

ဒိုင်လူကြီး သျှိုသူအောင်၏ ဝီစီမှု တ်သံ။ ဒိုင်က ပွဲချိန်မပြည့်ခင် ရပ်လိုက်ခြင်း ဖြစ်သည်။ မကြာခင်မှာ ပဲ လူနာတင်ကားခေါ်ရတော့မည့် အခြေအနေသို့ ရောက်လာတော့မည် မဟုတ်ပါလား။

ဂုဏ်သိက္ခာအရ ပွဲရပ်လိုက်ခြင်းသာ ဖြစ်သည်။ ရလဒ် ကတော့ တစ်ဖက်တစ်ဂိုး 'သရေ'ပွဲ။

ပွဲအပြီး နောက်နေ့မှာ တော့ ....

(၉)

ပွဲအပြီး နောက်နေ့မှာ တော့ ....

နှစ် ဖက်စလုံး အထိအခိုက်တွေ ဖြစ်သွားကြသည်ဟု အားရစရာသတင်းကြားရသည်။

သို့ သော် ....

ထုတ်ဝေသူတွေ နှင့် အရောင်းဆိုင်များ သည် တစ်ဖက်နှင့်တစ်ဖက် ကြာကြာစိတ်မဆိုးအား။ အလုပ်ကိစ္စဖြင့် ဆက်ပတ်သက်နေရသည်လေ။

တစ်ရက်မှာ တော့ အသင်းခေါင်းဆောင်နှစ် ယောက် ဖြစ်သော ပန်းရွက်ဝေမှ သန့်ဇင်အောင်နှင့် ငါတို့စာပေမှ စန်းမွန်အောင်တို့သည် ကိုယ့်စရိတ်ကိုယ်ခံကာ လက်ဖက်ရည်အတူသောက်ရင်း တစ်ဖက်နှင့်တစ်ဖက် ဘယ်သူတွေ ဘယ်လောက်နာသွားကြလဲဟု စပ်စုကြရာမှ ...

'ဒီဘောလုံးပွဲကို ဘယ်သူတွေ စီစဉ်တာလဲ'

ဟူသာ မေးခွန်းကို ရောက်သွားကြသည်။

ထိုသို့ နှစ် ယောက် သား ခေါင်းချင်းဆိုင်ကာ ပြဿ နာ၏ ဇစ်မြစ်(ဝါ) တရားခံကို ရှာလိုက်တော့ .....

ထိုကိစ္စ၏ လက်သည်သည် ပဥ္စမံဒီရိုင်းနှင့် အပေါင်းအပါစာရေး ဆရာတစ်စုဟု သိသွားကြ ကာ....

အရောင် းဆိုင်တွေ ဘက်မှ သန့်ဇင်အောင်သည် အကြီးအကျယ် မကျေမချမ်း ဖြစ်ကာ အပြစ်မဲ့ သည့် လူများ အပေါ် အထိနာအောင် ကြံစည်ခဲ့သော စာရေး ဆရာတွေ ကို အငြိုး ထားသော စိတ်ဖြင့် စာအုပ်တန်းမှ တခြားအရောင် းဆိုင်များ အား သတင်းဖြန့်လိုက်လေသည်။

'ချစ်ကြည်ရေး ဘောလုံးပွဲစီစဉ်တဲ့ စာရေး ဆရာတွေ ရဲ့ စာအုပ်တွေ ကို မရောင် းပေးဘဲ ချောင် ထိုးထားကြပါ၊ ဒါမှအဲဒီ စာရေး ဆရာတွေ နောင်ကြဉ်သွားကြမှာ '

ထိုသို့တိုက်တွန်းမှု ကြောင့် အနီစာရေး ဆရာတွေ ၏ စာအုပ်တွေ သည် စာဖတ်ပရိသတ်နှင့် နှစ် လလောက် အဆက်ပြတ်သွားကြသည်။

သို့သော် .....

(၁၀)

သို့သော် ...

ရလဒ်က ထင်သလို ဖြစ်မလာချေ။

နှစ် လလောက် အဆက်ပြတ်သွားမှု ကြောင့် စာဖတ်ပရိသတ်ကြီးသည် သူတို့ကြိုက်သော စာရေး ဆရာတွေ ၏ စာအုပ်ကို သတင်းတောင်းဆိုလာကြတော့သည်။

ထိုအခါ ...

အရောင် းဆိုင်များ သည် ဘယ်လိုမှချောင်ထိုး၍ မရတာ့ ဘဲ ထုတ်ရောင်

းပေးရတော့သည်။

မျှော်လင့်စောင့်စားနေကြသော ပရိသတ်ကြီးကလည်း အဆက်ပြတ်နေကြသော စာအုပ်တွေ ကို တစ်ခဲနက်ဝယ်ယူအားပေးကြသဖြင့် ...

ချစ်ကြည်ရေး ဘောလုံးပွဲ စီစဉ်သော စာရေး ဆရာတွေ ၏ စာအုပ်များ မှာ အရင်ထက် စောင်ရေ တက်သွားကြကာ ....

ထုတ်ဝေသူ၊ အရောင် းဆိုင်နှင့် စာရေး ဆရာတွေ အားလုံး အကျိုးအမြတ်ရရှိရုံသာမက ပရိသတ်ကြီးမှာ လည်း ကျေနပ်ကြည်နူးသွားကြလေတော့သတည်း။

ပြီးပါပြီ။

မိုးစက်ပိုင်